ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (11-6-2004) (၄၂၆၁)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရွာရန်ရာနှုန်း (၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကက်သလစ်အသင်းတော်မှ ဆရာတော်ကြီးများအား လက်ခံတွေ့ဆုံ

ရန်ကုန်　　ဇွန်　　၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် The Apostolic Delegate From Rome For Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Cambodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊ 1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung၊ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး မြန်မာတစ်ပြည်လုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ Archbishop Charles Maung Bo နှင့် လှိုင်ကော် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး Bishop Sotero Phamo တို့အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❁



ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် The Apostolic Delegate From Rome For Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Cambodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊ 1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung၊ **ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး မြန်မာတစ်ပြည်လုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ** Archbishop Charles Maung Bo **နှင့် လှိုင်ကော် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး** Bishop Sotero Phamo **တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂန္ထဝင်တေးသီချင်းများနှင့် မြဝတီအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက် ဧည့်ခံ

ရန်ကုန်　　ဇွန်　　၁၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် တေးဂီတနှင့် မြဝတီအငြိမ့် ဖျော်ဖြေတင်ဆက် ဧည့်ခံဖျော်ဖြေမှုကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းသို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်ရာတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၁၁-၆-၂၀၀၄
(သောကြာနေ့)

နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုးရေး ရှေးရှု အမျိုးသားရေးတာဝန်များ အောင်မြင်အောင်စွမ်းဆောင်

"ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးသည် အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ချမှတ်သည့် လုပ်ငန်းစဉ်များသည် နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီရန်လည်း လိုအပ်ကြောင်း၊ အရင်းအမြစ်အားလုံး ဖွံ့ဖြိုးလာအောင် တည်ဆောက်ရင်း အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက် သုံးရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးနှင့်ခိုင်မြဲရေးကို အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။"

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ဩဝါဒစကား မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အနာဂတ်အတွက် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ ထက်မြက်သည့်စွမ်းပကားကို နိုင်ငံတော်နှင့် အမျိုးသားရေး အကျိုးစီးပွားဦးတည်ပြီး ဖွဲ့စည်းထားသော အမျိုးသားရေးအင်အားစုကြီး ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များ၏ အင်အားကို နိုင်ငံတော်အတွက် လိုအပ်သည့် လူ့စွမ်းအားအဖြစ် ခံယူထားသည်နှင့်အညီ မျိုးဆက်သစ်လူငယ်လူရွယ်တိုင်း အမျိုးသားရေးအမြင်ဖြင့် နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးစသည့် အမျိုးသားရေး တာဝန်များကို ပါဝင်ထမ်းရွက်နိုင်စေရန် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

၁၀ စုနှစ်ကာလအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်၍ မျိုးဆက်သစ်လူငယ်များအား သင်ကြားပို့ချ လေ့ကျင့်ပေးလျက်ရှိသည်။ ၂၀၀၄ ခုနှစ် နွေရာသီကာလတွင် သင်တန်းအမျိုးမျိုး၌ တက်ရောက်ခဲ့သူ လူငယ်ပေါင်း နှစ်သန်းကျော်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်လျက်ရှိသည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇)တို့တွင် အမျိုးသားနိုင်ငံရေး၊ မြန်မာ့သမိုင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတကာဆက်ဆံရေးစသည့် ဘာသာရပ်များကို ဆည်းပူးကြရမည်ဖြစ်သည်။

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက်များဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးနှင့် ခိုင်မြဲရေးတို့ကိုလည်း လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြင့် တည်ဆောက်သွားကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ကဏ္ဍအလိုက် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီး နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသော အနာဂတ်ကို မျှော်မှန်းလျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိရာ အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်သစ်တည်ဆောက် ရေးအတွက် အမျိုးသားရေးတာဝန်များကို မည်သည့်အရာကမျှ အဟန့်အတား မဖြစ်စေရေး နိုင်ငံသားတိုင်းက ဝိုင်းဝန်းကာကွယ်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုသင်တန်းတက်ရောက်လျက်ရှိကြသည့် သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံတော်က တည်ဆောက်နေသည့် မူဝါဒလမ်းစဉ်များကို တာဝန်သိမှု၊ တာဝန်ရှိမှု၊ အမျိုးသားရေးသစ္စာရှိမှု အပြည့်အဝဖြင့် မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမျိုးသားရေးတာဝန်များ အောင်မြင်သည်အထိ ပူးပေါင်းပါဝင်စွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သစ်လုပ်ငန်းများ သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

ရန်ကုန် ဇွန် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ရက် ညနေပိုင်းတွင် ကျောက်ဆည်မြို့ ရွှေသာလျောင်းတော်သို့ရောက်ရှိပြီး ညောင်ပင် ၂၀၀ စိုက်ခင်းကိုလည်းကောင်း၊ ရွှေသာလျောင်းတော် မဟာမြတ်လေးဆူ ဆုတောင်းပြည့် ဘုရားကုန်းရင်ပြင်နှင့် တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ရွှေသာလျောင်းတော်ထိပ် ဆုတောင်းပြည့်ဘုရားကုန်းတော်သို့ရောက်ရှိ၍ ဝေဘူတောင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ယခုမိုးရာသီကာလအတွင်း သစ်ပင်များ ဆက်လက်စိုက်ပျိုးသွားရေး၊ သစ်စေ့ကြဲပွဲတော်များနှင့်သစ်ပင်စိုက်ပွဲတော်များဆောင်ရွက်သွားရေး အစီအစဉ်များနှင့် ပတ်သက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် ကျောက်ဆည်မြို့ရှိမြန်မာ့သစ် လုပ်ငန်း ကျောက်ဆည်သစ်ဆိုင် သို့ ရောက်ရှိပြီး အမှန်တကယ် အသုံးပြုမည့်ပြည်သူများ သစ်ဝယ်ယူရာတွင် အခက်အခဲနှင့် ကြန့်ကြာမှုများမရှိစေရေး စနစ်တကျ စီမံဆောင်ရွက်သွားရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဇွန် ၇ရက် နံနက်ပိုင်းတွင်ပြင်ဦးလွင်မြို့ရှိမြန်မာနိုင်ငံမြေတိုင်းကျောင်းခန်းမ၌ ကျင်းပသော အခြေခံမြေတိုင်းသင်တန်း အပတ်စဉ်(၆၂) သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရဝန်ကြီးက ပထမ ထူးချွန်ဆုရကျောင်းသား အမှတ်(၄၃)အောင်ကျော်ဦး၊ ဒုတိယထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၉) အောင်နိုင်မျိုး၊ တတိယထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၅) ကျော်စိုးလင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်ဆိုင်၊ အမှတ်(၈၄)သစ်စက်၊ မန္တလေးဖောင်ဖွဲ့ရေးနယ် စစ်ကိုင်းသစ်ဆိပ်၊ ရွှေကြက်ယက်သစ်ဆိပ်၊ အောင်မြေသာဇံမြို့နယ်ရှိသစ်အရောင်းဆိုင်နှင့် အမရပူရသစ်အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန်ရှိ HI-TECH အဆင့်မြင့် သစ်ထွက်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံကိုလည်းကောင်း၊ မြန်မာ–မကောင်းသစ်အခြေခံစက်မှု အလုပ်ရုံနှင့်ရွှေချိန်းသစ် အချောထည် စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှဆောင်ရွက်သော သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ ပညာသင်စရိတ်ထောက်ပံ့မှုနှင့် ကျန်းမာရေးဟောပြောပွဲအခမ်း အနားကို ဇွန် ၆ရက်ကကျင်းပရာ ကျောင်းသားငယ်တစ်ဦးအား အသင်းခွဲဥက္ကဋ္ဌ ဒေါ်ငြိမ်းက ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (က–ပ)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောက်ဆည်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ကျောက်ဆည်သစ်ဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်အေးဝင်း၊ အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေ၊ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ဒေါ်ခင်မြမြ၊ ဒေါ်တင်ဌေးလှိုင်၊ ဒေါ်အေးခိုင်၊ ဒေါ်ခင်ဝင်းနှင့်လုပ်ငန်းအဖွဲ့ဝင်များတက်ရောက်ကြပြီး အစည်းအဝေးတွင် မြန်မာအမျိုးသမီးများ ရရှိပြီးအခွင့်အရေးများဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်လက်စွဲများမှ ကောက်နုတ်ချက်များကို ပုံနှိပ်ထုတ်ဝေရန်နှင့် ဥပဒေရေးရာလေ့လာ အကြံပေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကိုညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးဒေါ်ခင်အေးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဒို့သန္နိဋ္ဌာန်

☆ ဖြောင့်ဖြောင့်တန်းတန်း၊ လမ်းမပေါ်မှာ
ဒို့လျှောက်တာကို၊ ရှေ့မှာဆီးကာ
နောက်ကလိုက်ဆွဲ၊ သဲကြီးမဲကြီး
ဒို့ခရီးစဉ်
ပျက်လျှင်ပြီးရော၊ ဒီသဘောနှင့်
မနှောစိတ်ပုပ်၊ အကြံယုတ်ဖြင့်
လုပ်၍နေစေ၊ မတွေဝေ။
☆ ရှေ့ကကာလည်း၊ လမ်းမလွှဲဘူး
လျှောက်မြဲလျှောက်မှာ၊ လက်တွဲကာဖြင့်
လိုရာခရီး၊ သတ်မှတ်ပြီးကို
အပြီးရောက်အောင်၊ ဒို့လျှောက်မှာ။
☆ နောက်ကဆွဲလည်း၊ ဒို့မလဲဘူး
တူတွဲလျှောက်သွား၊ ဒို့လူများလက်
ပြုတ်မထွက်ဘူး၊ တွဲလက်မြဲမြဲ
ရောက်ရန်ခရီး၊ သတ်မှတ်ပြီးကို
အပြီးရောက်အောင်၊ ဒို့လျှောက်မှာ။ ။

ဖိုးဝ

ရေနံပိုက်လိုင်း တိုက်ခိုက်ခံရ၍ အီရတ် ရေနံရောင်းချမှု ကျဆင်း

ဒူဘိုင်း ဇွန် ၉

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်ရေနံမြေမှ တူရကီနိုင်ငံဆီသို့ ရေနံပေးပို့သော အဓိကရေနံပိုက်လိုင်းမှာ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသည့်အတွက် ရေနံစိမ်းပို့လွှတ်မှုများ ရပ်ဆိုင်းသွားပြီး သီတင်းပတ်အတော်ကြာအောင် ရေနံတင်ပို့ရောင်းချနိုင်ဦးမည် မဟုတ်ကြောင်း ဆိုမိုမှ ပြောကြားချက်အရသိရသည်။ ဆိုမိုမှာ အီရတ်ရေနံများကို ဈေးကွက်တင်ရောင်းချပေးနေသော အစိုးရရေနံရောင်းချရေးကုမ္ပဏီဖြစ်သည်။

လောလောဆယ်တွင် အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၆၅ သန်းခန့်သာ တင်ပို့နိုင်မည့် အခြေအနေရှိသည်။ ထိုရေနံများမှာ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမှထုတ်လုပ်သော အပေါ့စားရေနံအမျိုးအစားများဖြစ်သည်။ ထိုရေနံများကို ပင်လယ်ကွေ့ဒေသရှိ ဆိပ်ကမ်းမှပြည်ပသို့ တင်ပို့ရောင်းချနေသည်။ နိုင်ငံမြောက်ပိုင်းမှတစ်ဆင့် တူရကီနိုင်ငံသို့ တင်ပို့ကာ မြေထဲပင်လယ် ဆိပ်ကမ်းမြို့ဖြစ်သော စီဟန်မှရောင်းချမည့် ကယ်ကွတ်ရေနံများမှာမူ ပိုက်လိုင်းပျက်စီးသွားသည့်အတွက် ရောင်းချနိုင်ဦးမည် မဟုတ်ပေ။

ကယ်ကွတ်မှ ပေးပို့နေသောရေနံများမှာ မေလ ၃၁ရက်နေ့မှစ၍ ရပ်ဆိုင်းနေခဲ့သည်မှာ သီတင်းတစ်ပတ်ရှိသွားပြီဖြစ်ကြောင်း သဘော်လုပ်ငန်းရပ်ကွက်များမှရသော သတင်းများကဆိုသည်။

တင်ပို့ရောင်းချ

အီရတ် ရေနံလုပ်ငန်းများတွင် လုံခြုံရေးပြဿနာနှင့် နည်းပညာပိုင်း ပြဿနာများ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် အီရတ်နိုင်ငံသည် စစ်မဖြစ်မီကာလက ရေနံစိမ်းတင်ပို့ရောင်းချမှုပမာဏကိုပင် ပြည့်မီအောင် တင်ပို့နိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။ စစ်မဖြစ်မီက အီရတ်သည် နေ့စဉ် ရေနံစိမ်းစည်နှစ်သန်း တင်ပို့ရောင်းချနိုင်ခဲ့သည်။

နိုင်ငံမြောက်ပိုင်းရှိ အီရတ်–တူရကီ ရေနံပိုက်လိုင်းမှာ အကြိမ်ကြိမ် တိုက်ခိုက်ဖျက်ဆီးခံရသည်။ သို့ဖြစ်၍ ရေနံရောင်းချရေးကုမ္ပဏီဆိုမိုသည် တူရကီရှိစီဟန်ဆိပ်ကမ်းဆီသို့ ရေနံစိမ်းကို အကန့်အသတ်နှင့်သာ ပို့လွှတ်နိုင်သည့် အခြေအနေရှိသည်။ ထိုအခြေအနေကြောင့် အီရတ်ရေနံများကို သဘော်များဖြင့် အဆက်မပြတ် တင်ပို့ရောင်းချနိုင်ခြင်းမရှိဘဲ ရေနံစိမ်းစည် ငါးသန်းစီပါဝင်သော ရေနံများကို စီဟန်ဆိပ်ကမ်းတွင် သိုလှောင်ထားပြီးမှ အသုတ်လိုက် ရောင်းချနေရကြောင်း သိရသည်။

ကယ်ကွတ်မှ ရေနံများကို ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။ ပိုက်လိုင်းပြင်ဆင်မှုများ ပြီးစီးသွားမှသာ ရေနံစိမ်းများကို စီဟန်သို့ပို့လွှတ်ကာ သိုလှောင်ကန်များတွင် သတ်မှတ်ချက်ပြည့်မီအောင်စုဆောင်းကြရဦးမည်။ ထို့နောက်မှသာ တင်ဒါခေါ်ယူပြီးရောင်းချနိုင်လိမ့်မည်ဖြစ်ကြောင်းသိရသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ကျန်ရှိနေသေး

မကြာမီအချိန်အတွင်းက တင်ဒါဖြင့် ရောင်းချထားသော ကယ်ကွတ်ရေနံများကို စီဟန်ဆိပ်ကမ်းမှ သဘော်များပေါ်သို့တင်၍ ပြီးစီးခဲ့သည်။ ထိုအသုတ်မှာ အမေရိကန်များ အီရတ်ကို သိမ်းပိုက်ထားသည့်အချိန်မှစ၍ရေတွက်လျှင် တတိယအသုတ် ရောင်းချထားသော ရေနံများဖြစ်သည်ဟုဆိုသည်။ လက်ရှိအခြေအနေတွင် စီဟန်ရှိ ရေနံလှောင်ကန်များတွင် အကြမ်းအားဖြင့် ရေနံစိမ်းစည်ပေါင်း နှစ်သန်း စုဆောင်းထားပြီးသား ကျန်ရှိနေသေးကြောင်း သိရသည်။

အီရတ်–တူရကီ ရေနံပိုက်လိုင်းကို တိုက်ခိုက်ခြင်း မခံရမီအချိန် ဇွန်လဆန်းပိုင်းက ရက်အတန်ကြာအောင် နေ့စဉ် ရေနံစိမ်းစည်နှစ်သန်းမျှ တင်ပို့နိုင်ခဲ့သောအခြေအနေသို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။ ပိုက်လိုင်း အတိုက်ခံရပြီးနောက်ပိုင်း၌ တင်ပို့နိုင်မှုပမာဏသည် ပြန်လည်ကျဆင်းသွားခဲ့သည်။

အီရတ်နိုင်ငံသည် လာမည့်လများတွင် ရေနံစိမ်းတင်ပို့မှုကို တစ်ရက်လျှင် စည်ပေါင်းနှစ်သန်းတင်ပို့နိုင်အောင် မြှင့်တင်သွားမည်ဖြစ်ကြောင်း ရေနံဝန်ကြီးအသစ် သာမီယာဂါဗန်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မီးလောင်ပျက်စီး

ဇွန် ၈ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မိုဆူးလ်မြို့တွင် ကားဗုံးကွဲ၊ ၁၀ ဦးသေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာရ

မိုဆူးလ် ဇွန် ၉

အီရတ်နိုင်ငံ မြောက်ပိုင်းမြို့တော် မိုဆူးလ်တွင် ပြီးခဲ့သော အင်္ဂါနေ့က အသေခံ ကားဗုံးဖောက်ခွဲမှုဟု ယူဆရသော တိုက်ခိုက်မှု မြို့တော်ဝန်၏ ရုံးရှေ့၌ ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် လူ ၁၀ဦး သေဆုံးပြီး အခြား ၁၀၀ ခန့်ဒဏ်ရာရရှိသွားကြကြောင်း အမေရိကန်စစ်ဘက် အီရတ်ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများထံမှ သိရသောသတင်းများက ဆိုသည်။

လူအများ အလုပ်သွားချိန် နံနက် ၉း၀၀ နာရီခန့်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြောင့် မြို့တော်ဝန်၏ ရုံးတည်ရှိရာ မြို့တော်ခန်းမနှင့် အနီးဝန်းကျင်မှ အဆောက်အအုံအများအပြား အတော်ပျက်စီးသွားသည်။

ခွဲခြား၍မရ

နားကွဲလုမတတ် မြည်ဟိန်းသွားသော ပေါက်ကွဲမှုကြီးအတွင်း ယာဉ်ကိုးစီးပျက်စီးသွားသည်။ သေဆုံးသွားသည့် အချို့သောလူအများမှာ မီးကျွမ်းခံရသဖြင့် မည်သူမည်ဝါဟူ၍ ခွဲခြား၍မရကြောင်း ဆရာဝန်များက ပြောကြားကြသည်။

ယခု ဗုံးမှာ မြို့တော်ဝန်ဆာလမ်အလ်ဇာချ်ဒ်အီစာကို ရည်ရွယ်၍ ဖောက်ခွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ မြို့တော်ဝန်မှာ ဘေးမသီရန်မခဘဲလွတ်မြောက်သွားခဲ့သည်။ ၎င်းသည် ဒေသဆိုင်ရာလုံခြုံရေးကော်မရှင် အကြီးအကဲလည်း ဖြစ်သည်။

မိုဆူးလ်ဗုံးပေါက်ကွဲမှု မဖြစ်ပွားမီတွင် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် မိုင် ၄၀ အကွာရှိ ဘာကူဆာမြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ အဆိုပါ ဗုံးကွဲမှုကြောင့် အမေရိကန်ကန် စစ်သည်တစ်ဦးအပါအဝင် လူငါးဦးသေဆုံးသွားပြီး အခြား ၁၁ ဦးတို့ ဒဏ်ရာရရှိခဲ့ကြသည်။ ***အင်တာနက်။***

ကန်အရပ်ဖက်လုံခြုံရေး ဝန်ထမ်းတစ်ဦး အီရတ်တွင် သေဆုံး

ကလီးယားဝါးတား ဇွန် ၈

ခရစ်နေးရစ်ချ်သည် အီရတ်တွင် ခြောက်လနေပြီးနောက် ဖလော်ရီဒါပြည်နယ် ကလီးယားဝါးတားရှိ နေအိမ်သို့ ပြန်ရန်အစီအစဉ်ရှိသော်လည်း အရပ်ဖက်လုံခြုံရေးဝန်ထမ်းအချို့ကို အစားထိုး ခန့်ထားရေးတွင် ကူညီလေ့ကျင့်ပေးရန် ၎င်း၏ဆန္ဒအရ အီရတ်တွင် ဆက်လက်နေထိုင်ခဲ့ပြီးနောက် သူ့ဆုံးဖြတ်ချက်ကြောင့်ပင် သူ့အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

သေဆုံး

အသက် ၃၁ နှစ်ရှိသူ နေးရစ်ချ်သည် ပုဂ္ဂလိကလုံခြုံရေးအာမခံ ကန်ထရိုက်လုပ်ငန်း ဘလက်ဝါးတား ယူအက်စ်အေတွင် လုပ်ကိုင်နေသူဖြစ်ပြီး ဘဂ္ဂဒက်လေဆိပ်သို့သွားသည့် လမ်းပေါ်တွင် ၎င်းတို့စီးနင်းလိုက်ပါသည့်မော်တော်ကားနှစ်စီး အတိုက်ခံရ၍ အခြားသော ဘလက်ဝါးတားကုမ္ပဏီမှ အရပ်သားသုံးဦးနှင့်အတူ စနေနေ့က သေဆုံးသွားသည်။

ခန့်မှန်းကြ

နေးရစ်ချ်မှာ အီရတ်တွင် ပထမဆုံးသေဆုံးသည့် ပုဂ္ဂလိကလုံခြုံရေး ကန်ထရိုက်တာ ဖြစ်မည်ဟု ယုံကြည်ရသည်ဆို၏။ အီရတ်၌လုပ်ကိုင်သည့် နေးရစ်ချ်ကဲ့သို့ အရပ်ဖက်လုံခြုံရေးဝန်ထမ်းပေါင်း ၂၀၀၀၀အထိ ရှိသည်ဟု အချို့က ခန့်မှန်းကြသည်။

ထိုသို့အီရတ်သို့ လာရောက်လုပ်ကိုင်ခြင်းမှာ အများအားဖြင့် ငွေကြေးကြောင့်ဖြစ်သည်။ နေးရစ်ချ်မှာ အီရတ်တွင် တစ်လဒေါ်လာ ၁၅၀၀၀ခန့်ရသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၈၂၆ဦးရှိ

ဝါရှင်တန် ဇွန် ၉

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဇွန် ၉ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် စုစုပေါင်းမှာ ၈၂၆ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ယင်း အနက် ၆၀၈ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၁၈ဦးမှာ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော အခြား အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အဆိုပါ ကာလအတွင်း ဗြိတိသျှစစ်သည် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူလ်ဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ စလိုဗက်ကီးယားသုံးဦး၊ ထိုင်းနှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလင်နိုင်ငံများမှ တပ်ဖွဲ့ဝင်တစ်ဦးစီ အသီးသီးအသက် ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း အစီရင်ခံစာများအရ သိရသည်။

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ ရက်တွင် အီရတ်စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်ခဲ့ပြီး နောက်ပိုင်း၌ တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပေါ်နေသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၆၈၈ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဦးရေအနက် ၄၉၉ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၈၉ဦးမှာ တိုက်ပွဲနှင့် မဆိုင်သော အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ဆိုသည်။ ***အင်တာနက်။***

ဇွန် ၇ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများကို မတော်မတရားညှဉ်းပန်းသည့်ကိစ္စ အမှုမှန်ပေါ်အောင် အထက်လွှတ်တော်ကော်မတီ စစ်ဆေးသွားမည်

ဝါရှင်တန် ဇွန် ၉

အီရတ်အကျဉ်းသားများကို မဖွယ်မရာညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ ရေးသားထားသော အစီရင်ခံစာများကို အမေရိကန်စစ်ဌာနချုပ်က အထက်လွှတ်တော်ကော်မတီသို့ လွှဲပြောင်းပေးရာ၌ အချို့ကိုမပေးဘဲ ချန်ထားခဲ့သည်။ ယခုအခါ ပထမအကြိမ်ပေးစဉ်က ခြွင်းချန်ခဲ့သော စာရွက်စာတမ်းအားလုံးကို ပေးအပ်ပြီးပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်ကပြောကြားသည်။

အကျဉ်းသားများကိစ္စ စစ်ဆေးထားသော အစီရင်ခံစာကို ဗိုလ်မှူးချုပ် အင်တိုရိုတာဂူဘာက ပြုစုခဲ့သည်။ ထိုအစီရင်ခံစာ၏ မိတ္တူအစစ်မှန်များကို လွှတ်တော်ကော်မတီသို့ ပေးပို့ခဲ့ပြီး ၎င်းစာကိုရရှိကြောင်း အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာကော်မတီဥက္ကဋ္ဌ ဝှါနင်ဂါနာက ထုတ်ဖော်ပြောကြားသည်။ ၎င်းအစီရင်ခံစာတွင် အဘူဂါရိပ် အကျဉ်းထောင်အတွင်း အီရတ်အကျဉ်းသားများအပေါ် လိင်အရ လူမဆန်စွာ ညှဉ်းပန်းခြင်းနှင့် ကိုယ်ကာယအရ ညှဉ်းပန်းခြင်းများကို စစ်ဆေးဖော်ပြထားကြောင်းသိရသည်။

နောက်ဆုံးရရှိသော စာရွက်စာတမ်းများကို အထက်လွှတ်တော် ဥပဒေပြုအမတ်များက စိစစ်နေကြဆဲဖြစ်သည့်အတွက် ထိုကိစ္စနှင့်ပတ်သက်၍ အထက်လွှတ်တော် ကော်မတီက တစ်စုံတစ်ရာ ရှင်းလင်းပြောကြားခြင်း မရှိသေးပေ။ လွှတ်တော်ဥပဒေပြုအမတ်များက အကျဉ်းသားနှိပ်စက်သည့်ကိစ္စသည် ဆိုးသွမ်းသော တပ်ဖွဲ့ဝင်တစ်စု၏ လုပ်ရပ်သာဖြစ်သည်၊ သို့မဟုတ် အထက်ပိုင်းမှလာသောမူအရ ဆောင်ရွက်ရခြင်းဖြစ်သည်ကို ကွဲကွဲပြားပြားသိရှိအောင် လေ့လာနေကြခြင်းဖြစ်သည်။ ***အင်တာနက်။***



ဇွန် ၉ရက်က အီရတ်နိုင်ငံ ဘေဂျီမြို့အနီးတွင် လုံခြုံရေးဆောင်ရွက်ရန် ထရပ်ကားပေါ်မှ ဆင်းသက်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘုရှ်၏ အရှေ့အလယ်ပိုင်းပြုပြင်ရေးကြိုးပမ်းချက် မအောင်မြင်နိုင်ဟု တူရကီဝန်ကြီးချုပ် ပြောကြား

အင်ကာရာ ဇွန် ၉

အီရတ် ငြိမ်းချမ်းရေးနှင့်တကွ ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခ မပြီးဆုံးမချင်း အမေရိကန်သမ္မတ ဘုရှ်၏ အရှေ့အလယ်ပိုင်းဒေသ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်မှာ အောင်မြင်မည် မဟုတ်ကြောင်းဖြင့် တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းအရေးကို အမေရိကန်သမ္မတဘုရှ်နှင့် အခြား ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ မထွက်ခွာမီ တူရကီဝန်ကြီးချုပ်အာဒိုဂန်က သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထပ်မံဝေဖန်

ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းလူမျိုးများအပေါ် အစ္စရေးတို့ ချမှတ်ကျင့်သုံးသည့် ပြင်းထန်သော မူဝါဒများကိုလည်း တူရကီဝန်ကြီးချုပ် အာဒိုဂန်က ထပ်မံဝေဖန်လိုက်သည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်တွင် အမှန်တကယ် ဒီမိုကရေစီ သွတ်သွင်းရေးနှင့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာချမှတ်လိုလျှင် မိမိတို့အနေဖြင့် ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခအဆုံးသတ်ရေးနှင့် အီရတ်တွင် ပုံမှန်အခြေအနေပြန်ရောက်ရေးမူဝါဒများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးတို့၏ ဒေသဆိုင်ရာ အချက်အချာကျသော မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ သို့သော် အိမ်နီးချင်း အီရတ်နိုင်ငံတွင် ပိုမိုကြီးထွားလာသော ခုခံတိုက်ခိုက်မှုများကြောင့် အနှောင့်အယှက်ဖြစ်ရသည်။ ထို့ပြင် ဂါဇာကမ်းမြောင်နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ပုံများကို တူရကီနိုင်ငံက ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်သည်။ ***အင်အင်အေ၊ရိုက်တာ။***

တူရကီ ဓားစာခံ

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရသော တူရကီ ဓားစာခံများကို ဇွန် ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တူရကီနှစ်ဦး ဖော်လူဂျာတွင် ပြန်ပေးဆွဲခံရ မိုဆူးလ် အခြေစိုက်ကုမ္ပဏီတွင် လုပ်ကိုင်နေသူများဖြစ်

အစ္စတန်ဘူ ဇွန် ၉

ခုခံ တိုက်ခိုက်ရေးသမားများဟု သင်္ကာမကင်းဖြစ်ရသူများက တူရကီနိုင်ငံသားနှစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတို့ကို အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပြန်ပေးဆွဲသွားကြောင်း တူရကီနိုင်ငံခြားရေးဌာနက ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်သည့် သတင်းအသေးစိတ် အများအပြား မရရှိသေးကြောင်း၊ သို့ရာတွင် တူရကီနိုင်ငံသားနှစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတို့ ဖော်လူဂျာမြို့တွင် တနင်္လာနေ့က ပြန်ပေးဆွဲခံရကြောင်း၊ ၎င်းတို့သည် မိုဆူးလ်မြို့ အခြေစိုက် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း နိုင်ငံခြားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တူရကီနိုင်ငံပိုင် အနာတိုလီယန် သတင်းဌာနက ယင်းတူရကီနိုင်ငံသားများသည် တူရကီနိုင်ငံတောင်ပိုင်းမှ အာရီကိုဂလူနှင့် အာဇီဇိုဂလူတို့ဖြစ်ပြီး အီရတ်နိုင်ငံတွင် ဆာကာအမည်ရှိ ဆောက်လုပ်ရေးနှင့် စားနပ်ရိက္ခာဝန်ဆောင်မှု ကန်ထရိုက်လုပ်ငန်း ကုမ္ပဏီတွင် မန်နေဂျာအဖြစ် လုပ်ကိုင်နေသူများဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ဆောက်လုပ်ရေး ပစ္စည်းများ စစ်ဆေးရန်အတွက် အီရတ်တာ့ခ်လူမျိုးဖြစ်သူ ယာဉ်မောင်းနှင့် မိုဆူးလ်မြို့မှ ဖော်လူဂျာမြို့သို့ ခရီးသွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါ သတင်းဌာနက ပြောကြားသည်။

ဆာကာကုမ္ပဏီ အထွေထွေမန်နေဂျာ ကာကလူက အာရီကိုဂလူနှင့် အင်္ဂါနေ့နံနက်ပိုင်းက ဂြိုဟ်တုဖုန်းဖြင့် ဆက်သွယ်စကားပြောကြားခဲ့ကြသေးကြောင်း ထုတ်ဖော်ပြောကြားသည်။

မိမိတို့ မိုဆူးလ်မြို့သို့ ပြန်လာရာ မည်သူမည်ဝါ မသိရသော လက်နက်ကိုင်များက မိမိတို့၏ကားကို ရပ်ခိုင်းကာ မိမိတို့ကို မသိရသောနေရာသို့ ခေါ်ဆောင်သွားခဲ့ကြောင်း အာရီကိုဂလူက ပြောကြားသည်ဟု အနာတိုရီယန် သတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်အနာဂတ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်မဲပေးမှု ကိုဖီအာနန် ကြိုဆို

ကုလသမဂ္ဂ ဇွန် ၉

အမေရိကန်နှင့်ဗြိတိန်တို့က အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို ဇွန် ၃၀ ရက်တွင် အဆုံးသတ်ပြီးနောက် အီရတ်၏ အနာဂတ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အင်္ဂါနေ့တွင် တစ်ခဲနက်မဲပေးမှုအပေါ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြိုဆိုလိုက်သည်။

မိမိကယင်းဆုံးဖြတ်ချက်ကို လေးလေးနက်နက် ကြိုဆိုပါကြောင်း၊ ယင်းဆုံးဖြတ်ချက်မှာ ကောင်းမွန်သည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ယင်းမူကြမ်းအား တစ်ခဲနက်မဲပေး ဆုံးဖြတ်သဘောတူညီမှုသည် အရေးပါလှကြောင်း ကိုဖီအာနန်က မဲပေးမှုအပြီး သတင်းထောက်များအား ပြောကြားသည်။

ယမန်နှစ်က သဘောထားကွဲလွဲမှုများအား ပြေလည်စေရေးနှင့် အီရတ်ပြည်သူလူထုအား ၎င်းတို့၏ နိုင်ငံရေးကံကြမ္မာကို အချုပ်အခြာအာဏာပိုင်စိုးသည့် အစိုးရအောက်၌ ၎င်းတို့ကိုယ်တိုင် လွတ်လပ်ပြီး ငြိမ်းချမ်းရေးဖန်တီးရာတွင် ကူညီပံ့ပိုးရန်အတွက် လုံခြုံရေးကောင်စီက ဦးဆောင်သည့် နိုင်ငံတကာအသိုက်အဝန်း၏ သဘောထားကို အစစ်အမှန် ထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီက အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့ ပူးတွဲရေးဆွဲခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းကို သဘောတူချမှတ်လိုက်သည်။ ယင်းမူကြမ်းက အီရတ် ကြားဖြတ်အစိုးရသစ်အား ထောက်ခံမှုပေးထားပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အီရတ်နိုင်ငံ၌ ရွေးကောက်ပွဲများ မကျင်းပမီအထိ အမေရိကန်တပ်ဖွဲ့ဝင်အများစုပါဝင်သည့် နိုင်ငံစုံတပ်ဖွဲ့အား အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်ရန် လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ထားသည်။

မျှော်လင့်

ဇွန် ၃၀ ရက် အာဏာလွှဲပြောင်းရေးပြီးသည့်နောက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် တိုးတက်မှုရှိလာနိုင်သည်ဟု ကိုဖီအာနန်က မျှော်လင့်ကြောင်းပြောကြားသည်။ အီရတ်ပြည်သူလူထုနှင့် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အီရတ် ကြားဖြတ်အစိုးရကို ထောက်ခံကြရန် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။

အကဲဖြတ်

အီရတ်နိုင်ငံ အတွင်းအပြင်ရှိ ပြည်သူအများစုက အီရတ်ကြားဖြတ်အစိုးရအား သင့်တင့်မျှတသည့် အခွင့်အရေးရရှိစေရန် လိုလားနှစ်သက်ကြမည်ဟု မိမိထင်မြင်မိကြောင်း၊ မိမိတို့က ယင်းအစိုးရ လုပ်ပုံကိုင်ပုံများကို အကဲဖြတ်နိုင်မည်ဖြစ်ကြောင်း ၎င်းအား လိုသမျှအကူအညီ မိမိတို့ပေးမည်ဖြစ်ကြောင်း ကိုဖီအာနန်က ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘုရှ်၏မူဝါဒ ကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကိုဖန်တီးပေးဟု ဝေဖန်

နယူးယောက် ဇွန် ၁၀

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်၏ အစိုးရသည် အီရတ်အကျဉ်းထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှု အခြေအနေကို ဖန်တီးပေးခဲ့ပြီး အကျဉ်းသားများအား စစ်ဆေးမေးမြန်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားခြင်း မရှိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် စွပ်စွဲလိုက်သည်။

အမေရိကန်အစိုးရအဖွဲ့က နိုင်ငံတကာဥပဒေကို ရှောင်တိမ်းကာ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်မှုသတင်းများကို နှစ်နှစ်ကြာသည့်တိုင်အောင် လျစ်လျူရှုထားကြောင်း နယူးယောက် အခြေစိုက်သည့် အဆိုပါအဖွဲ့က ပြောကြားသည်။ အကြမ်းဖက်စစ်ပွဲ ဆင်နွှဲရာမှ ဖမ်းဆီးရမိသူများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ မူဝါဒမရှိကြောင်း အမေရိကန်အစိုးရက ငြင်းဆိုထားသည်။

အဘူဂါရိပ်အကျဉ်းစခန်းမှ ကြောက်မက်ဖွယ်အပြုအမူများသည် တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ရိုးသားသည့် ပြုမူဆောင်ရွက်ချက်မဟုတ်ကြောင်း ယင်းအဖွဲ့အမှုဆောင် ညွှန်ကြားရေးမှူး ကဲနက်ရော့သ်၏ ပြောကြားချက်ကို အဘူဂါရိပ်သို့ သွားရာလမ်းအမည်ရှိသည့် ၃၈မျက်နှာပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘုရှ်အစိုးရသည် စည်းမျဉ်းစည်းကမ်းများကို ဘေးချိတ်ပြီး လုပ်ဆောင်စေသည့် ဆုံးဖြတ်ချက်ကြောင့် အဘူဂါရိပ်ပြဿနာ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးသည် စစ်ခုံရုံးတွင်တင်၍ စစ်ဆေးခံရဖွယ်ရှိပြီး တစ်ဦးမှာ နှိပ်စက်ညှဉ်းပန်းမှုပြစ်မှုအတွက် ထောင်ဒဏ်တစ်နှစ်ကျော် အပြစ်ပေးခံရသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲတွင် ဗြိတိန်ပါဝင်သည်ကို လူထု ၆၀ ရာခိုင်နှုန်းက မလိုလား စစ်ပွဲအတွက် သုံးငွေမှာ အလဟဿဖြစ်ဟုဆို

လန်ဒန် ဇွန် ၈

ဗြိတိန်အစိုးရ၏ အီရတ်စစ်ပွဲအတွက်သုံးစွဲသော ငွေများသည် အလဟဿဖြစ်ရကြောင်း ၆၀ ရာခိုင်နှုန်းသော ဗြိတိန်ပြည်သူများက ထင်မြင်ကြကြောင်း လူထုသဘောထားလေ့လာမှုတစ်ရပ်အရ သိရသည်။ စစ်ပွဲတွင် အသုံးပြုသောငွေများကို စစ်တိုက်ရာတွင်သုံးမည့်အစား ဆင်းရဲနေသော လူများအတွက် ပြောင်းလဲသုံးစွဲသည်ကမှ ပိုမို၍အကျိုးရှိလိမ့်မည်ဟု ယူဆကြသည်။

အထူးသဖြင့် အခွန်ထမ်းအမျိုးသမီးထုက အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး ပို၍ မကျေမနပ် ဖြစ်နေကြကြောင်း တွေ့ရသည်။ ယူဂေါဗ် လူထုသဘောထားလေ့လာရေး စစ်တမ်းအရ ဗြိတိန်လူထုက စစ်ပွဲတွင် သုံးမည့်ငွေများကို ဆင်းရဲသော နိုင်ငံများအတွက် အကူအညီပေးရာ၌ သုံးသည်ကိုပို၍ လိုလားကြသည်ဟု ဆိုသည်။ ဗြိတိန်အစိုးရသည် အီရတ်စစ်ပွဲတွင် သုံးစွဲရန် ပေါင်စတာလင်ငွေသန်း ၄၀၀၀ နီးပါးသတ်မှတ်ထားသည်။ အချို့က ထိုပမာဏထက်များသော ပေါင်စတာလင်ငွေသန်း ၆၀၀၀ ကို ပြည်သူ့ဘဏ္ဍာငွေမှ စစ်ပွဲအတွက် သုံးစွဲရန် သတ်မှတ်ထားသည်ဟု ခန့်မှန်းထားကြကြောင်း တွက်ဆကြသည်။

ကျင်းပ

အထက်ပါ လူထုသဘောထားကောက်ယူမှု ရလဒ်များသည် စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံများအုပ်စု ဂျီ-ရှစ် အစည်းအဝေးကျင်းပရန် စက်မှုနိုင်ငံခေါင်းဆောင်များ စုရုံးနေကြစဉ်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုအစည်းအဝေးကို အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ဆန္ဒပေး

ဗြိတိန်ပြည်သူများ အကြားတွင် တိုနီဘလဲအစိုးရ၏ ပြည်တွင်းနှင့် ပြည်ပ ဆိုင်ရာမူဝါဒများမှာ လူကြိုက်နည်းလျက်ရှိသည်။ ၅၇ ရာခိုင်နှုန်းသော ပြည်သူများက ဗြိတိန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို မနှစ်သက်ကြောင်း ဖော်ပြကြပြီး ၅၁ ရာခိုင်နှုန်းသော ပြည်သူများက ပြည်တွင်းမူဝါဒကို သဘောမတွေ့ကြောင်း ဆန္ဒပေးကြသည်။

လေ့လာကောက်ယူ

လူထုသဘောထား ကောက်ယူမှု စစ်တမ်းကို အောက်ဖမ်း၊ အက်ရှင်အိဒ်၊ ခရိုယာန်အိဒ်၊ ဒါတာနှင့် ကလေးများကို ကယ်မသူအဖွဲ့အစည်းများက စုပေါင်း၍ လေ့လာကောက်ယူခဲ့ကြခြင်း ဖြစ်သည်။

ထုတ်ဖော်ပြောကြား

ဗြိတိသျှဝန်ကြီးချုပ် ဘလဲကိုယ်တိုင်ကလည်း အီရတ်ပြဿနာသည် လာမည့် ရွေးကောက်ပွဲများတွင် ဒုက္ခပေးမည့် ကိစ္စဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်ပြဿနာသည် လာမည့် ရွေးကောက်ပွဲတွင် အရိပ်မည်းကြီး သဖွယ်မိုးနေမည့် ကိစ္စပင်ဖြစ်သည်ဟု ဗြိတိန် ဒုတိယဝန်ကြီးချုပ် ဂျွန်ပရက်စကော့ဒ်ကလည်း ထုတ်ဖော်ပြောကြားသည်။

အကျိုးဆက်

ယခုကောက်ယူသော လူထုသဘောထားကောက်ယူမှုတွင် ဗြိတိန်နိုင်ငံ တစ်ဝန်းရှိလူပေါင်း ၂၀၀၀ ကျော်တို့ကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုစစ်တမ်းအရ လေဘာပါတီ၏မူဝါဒကို လူထုက မနှစ်သက်ကြသဖြင့် ထိုရလဒ်အကျိုးဆက်မှာ ရွေးကောက်ပွဲကိုသွား၍ ထိခိုက်စရာရှိသည်ဟုဆိုသည်။

အင်တာနက်။

မီးလောင်ကျွမ်း

ဇွန် ၉ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး အဝေးပြေး လမ်းပေါ်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းနေသော ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်ဖွဲ့များကို အီရတ်သို့ ပြန်လည်စေလွှတ်တော့မည် မဟုတ် ပြည်ပကျူးကျော်သိမ်းပိုက်ရေးတပ်များ အီရတ်မှရုပ်သိမ်းရန် စပိန်တောင်းဆို

မဒရစ် ဇွန် ၉

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့က အီရတ်အရေးကိစ္စတွင် နေတိုးအုပ်စုဝင်နိုင်ငံများ ပါဝင်လာသည်ကို လိုလားကြောင်း ပြောဆိုနေကြသည်။ ထိုချိန်တွင် မည်သည့်နည်းနှင့်မျှ စပိန်တပ်ဖွဲ့များကို အီရတ်သို့ ပြန်လွှတ်တော့မည် မဟုတ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

မစေလွှတ်

စပိန်နိုင်ငံသည် ၎င်း၏တပ်ဖွဲ့များကို တစ်နိုင်ငံတည်းဖြစ်စေ၊ နိုင်ငံစုံတပ်ဖွဲ့အနေဖြင့်ဖြစ်စေ အီရတ်သို့ စေလွှတ်သွားမည်မဟုတ်ပေ။ ထို့အပြင် နေတိုးတပ်ဖွဲ့ဝင်အဖြစ်လည်း စပိန်တပ်များကို ပေးပို့လိမ့်မည်မဟုတ်ဟု မီဂူရယ်အိန်ဂျယ်လ်မိုရာတီနို့စ်က မဒရစ်မြို့မှ ပြောကြားလိုက်သည်။ ၎င်းသည် စပိန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။

ဆုံးဖြတ်

အီရတ်နိုင်ငံကို တည်ငြိမ်မှုရှိစေရန် အကောင်းဆုံးပြုလုပ်ပေးနိုင်သော နည်းလမ်းမှာ ထိုနိုင်ငံမှ ပြည်ပကျူးကျော်သိမ်းပိုက်ရေးတပ်များ အမြန်ဆုံး ထွက်ခွာပေးရေးပင်ဖြစ်သည်ဟု မိမိတို့ လက်ခံထားသည်။ သို့ဖြစ်၍ မိမိတို့၏ စပိန်တပ်ဖွဲ့များကို မလွှတ်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း မိုရာတီနို့စ်က ဆက်လက်ပြောကြားသည်။

ရုပ်သိမ်းခဲ့

စပိန်နိုင်ငံတွင် ဆိုရှယ်လစ်ပါတီ အာဏာရလာသောအချိန် ယခုနှစ်မေလအတွင်းက စပိန်တပ်ဖွဲ့ဝင်အားလုံးကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ ရုပ်သိမ်းခဲ့သော စပိန်တပ်ဖွဲ့အင်အားမှာ ၁၃၀၀ ရှိသည်။

ပြန်လည်လွှဲပြောင်းပေးမည်

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အမေရိကန်နှင့် ဗြိတိန်တို့ တင်ပြခဲ့သော အီရတ်နိုင်ငံဆိုင်ရာ အဆိုမူကြမ်းကို တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့သည်။ ယင်းဆုံးဖြတ်ချက်လို မိုရာတီနို့စ်က ထောက်ခံကြိုဆိုလိုက်သည်။ ထိုဆုံးဖြတ်ချက်၌ အီရတ်ပြည်သူများလက်သို့ အချုပ်အခြာ အာဏာပြန်လည်လွှဲပြောင်းပေးမည်ဆိုသော အချက်ပါဝင်သည်။

ဝေဖန်

စပိန်နိုင်ငံ၏ အတိုက်အခံပါတီသည် ပေါ်ပျူလာပါတီဖြစ်သည်။ ထိုပါတီက စပိန်အစိုးရသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ထားသော နိုင်ငံများအပေါ်တွင် သစ္စာမဲ့ရာကျသော အပြုအမူကို လုပ်ဆောင်ခဲ့ကြောင်း ဝေဖန်ခဲ့သည်။ ထိုဝေဖန်ချက်ကို လက်ရှိစပိန်နိုင်ငံခြားရေးဝန်ကြီးက ပယ်ချလိုက်သည်။

အင်တာနက်။

ဆန့်ကျင်ကန့်ကွက်

ဇွန် ၁ ရက်က အမေရိကန် ပြည်ထောင်စု မီယာမီတွင် သမ္မတလောင်း ဂျွန်ကယ်ရီနှင့် သမ္မတဘုရှ်တို့၏ နိုင်ငံခြားရေးမူဝါဒတို့ကို အမျိုးသားတစ်ဦးက ဆန့်ကျင်ကန့်ကွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဗြိတိသျှတပ်ဖွဲ့နှင့်ပတ်သက်သည့် တိုင်တန်းမှု ၇၅ မှုကိုစစ်ဆေးလျက်ရှိ

လန်ဒန် ဇွန် ၈

ဗြိတိသျှစစ်ရဲဌာနက အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ တိုင်တန်းထားမှု ၇၅ မှုကို စစ်ဆေးနေရာ ယခုအခါ ယခင်က မှန်းထားသည်ထက် အမှုများကို ပိုမို၍စစ်ဆေးနေရကြောင်းဖြင့် ကာကွယ်ရေး ဌာနက ပြောကြားသည်။

လက်နက်ကိုင် တပ်ဖွဲ့ဝန်ကြီး အင်ဂရမ်က ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုင်တန်းသည့်အမှု ၃၃ မှုကို စစ်ဆေးလျက်ရှိကြောင်း၊ ယင်းစစ်ဆေးနေချိန်တွင် အမှန်တကယ်နောက်ထပ် စုံစမ်းတွေ့ရှိသမျှ အမှုပေါင်းမှာ ၆၁ မှုဖြစ်ကြောင်း ပါလီမန်တွင် မေ ၄ ရက်က ပြောကြားခဲ့သည်။

နောက်ထပ် ၁၄ မှုကို စုံစမ်းစစ်ဆေးပြီးခဲ့ရာ စုစုပေါင်း ၇၅ မှုဖြစ်ကြောင်း အင်ဂရမ်က ပါလီမန်တွင် ဖြေကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ဖြစ်ပျက်သမျှကို စစ်ရဲတပ်ဖွဲ့က စစ်ဆေးနေမှုနှင့် စပ်လျဉ်းသော သတင်းများကို ယခုအခါ ဗဟိုကကိုင်တွယ်နိုင်ရန် အစီအစဉ်များ ချမှတ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖြစ်ရပ်များတွင် အီရတ်အကျဉ်းသားများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက နှိပ်စက်နေမှုနှင့် ဆက်နွှယ်သည့် စွပ်စွဲမှုများအပြင် ပစ်ခတ်မှု၊ သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် လမ်းမတော်တဆ ဖြစ်မှုများ ပါဝင်သည်ဟု အင်ဂရမ်က ပြောကြားသည်။

ဗြိတိသျှစစ်ဘက်အနေဖြင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များနည်းတူ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ စွပ်စွဲမှုဖြင့် ရင်ဆိုင်နေရသော်လည်း အီရတ်အရပ်သားအကျဉ်းသားများအား အသေရိုက်သတ်ခဲ့သည့်အမှုများ အပါအဝင် မတော်မတရားပြုလုပ်မှုများဖြင့်လည်း စွပ်စွဲခံထားရသည်။ ***အင်တာနက်။***

သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၀

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ အဖွဲ့နာယက မြို့နယ်အတွင်းရှိ ဆရာတော်ကြီးငါးပါးအား ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ သင်္ကန်းတစ်စုံလျှင် ကျပ် ၁၈၀၀ဖြင့် ဒေါ်စုစုံ(ဖူဂျီဓာတ်ပုံဆိုင်)၃၄လမ်း ရန်ကုန် ဖုန်း-၂၄၃၃၀၅၊ ကိုဘုန်းဇော် ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့် အဖွဲ့အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ပြီး အလှူရှင်များ ကိုယ်တိုင် ရေစက်ချ ဆက်ကပ်လှူဒါန်းနိုင်ရန် အဖွဲ့မှ စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

မြို့ခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး

ယုဝတီ ခင်ဦး

သွေးလွန်တုပ်ကွေးဆိုသည့် ရောဂါအမည်မှာ သွေးမလွန်ဘဲ သွေးလွန်တုပ်ကွေးဟု ခေါ်လက်စနှင့် ခေါ်လာကြခြင်းဖြစ်သည်။

တကယ်တော့ သွေးလွန်တုပ်ကွေးရောဂါသည် ရုတ်တရက်ချက်ချင်းဖျားပြီး သွေးကြောထဲမှ သွေးရည်ကြည်များ လွန်ကဲစွာစိမ့်ထွက်လာသဖြင့် သွေးနီများပျစ်ခဲပြီး သွေးပေါင်ကျကာ သွေးလန့်ရောဂါအဖြစ်နှင့် အသက်အန္တရာယ်ဖြစ်ရခြင်း ဖြစ်သည်။

မိခင်များသိသင့်သည်မှာ ကလေးကိုကိုက်သည့် ခြင်ကျားဆိုသည်မှာ မည်းမည်းကျားကျား အကောင်ကြီး မဟုတ်။ နေ့ခင်းတွင်ထွက်၍ ကိုက်လေ့ရှိသော ခြင်သေးသေးကလေးဖြစ်သည့် ခြင်ပုန်းများသည် သွေးလွန်တုပ်ကွေးခြင်များပင်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်နေသူ၏ သွေးကိုစုပ်ယူထားသောခြင်က အခြားသူတစ်ယောက်ကို သွားကိုက်လျှင် ဆေးထိုးအပ်ကဲ့သို့ ချွန်နေသော ခြင်နှုတ်သီးမှတစ်ဆင့် ဗိုင်းရပ်(စ်)ပိုးများကူးစက်သွားသောကြောင့် ကူးစက်ရောဂါဖြစ်ရခြင်းဖြစ်သည်။

သွေးလွန်တုပ်ကွေးဗိုင်းရပ်(စ်)ကို သယ်ယူလာသော အေးဒီး(စ်)အီဂျစ်တိုင်းအမည်ရှိ ခြင်ကိုက်ခံရပြီးလျှင် ရောဂါပျိုးချိန် လေးရက်မှ ခြောက်ရက်အတွင်း၊ အများဆုံး ၁၀ ရက်အတွင်းတွင် သွေးလွန်တုပ်ကွေးရောဂါ အသွင်သဏ္ဌာန်လက္ခဏာများ ပေါ်လာမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရုတ်တရက်ဖျားကာ အရေပြားပေါ်တွင် အနီစက်ထွက်သည့်ပုံစံနှင့်တစ်မျိုး၊ သွေးကြည်ရည်တွေ အထွက်လွန်၍ သွေးနီများခဲကာ ပေါင်ချိန်ကျ၊ သွေးလန့်ပြီး (Shock) အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေပုံစံက တစ်မျိုးရှိသည်။

ရိုးရိုးသွေးလွန်တုပ်ကွေးဖြစ်လျှင် ကလေးလက်မောင်းကို သွေးပေါင်ချိန်ကိရိယာဖြင့်ပတ်၍ ဆရာဝန်က အချိန်သတ်မှတ်ပြီး စမ်းသပ်သည့်အခါ ပတ်ထားသော လက်မောင်းနေရာတွင် အနီစက်များ စုပြုံလာသည်ကို တွေ့မြင်နိုင်ပေသည်။

သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများမှာ-

(၁) ရုတ်တရက်ကိုယ်ပူဖျားခြင်း၊
(၂) မျက်နှာ နီရဲလာခြင်း၊
(၃) အစာမစားလိုဘဲ ပျို့အန်ခြင်း၊
(၄) ခေါင်းနှင့်ကိုယ်လက် ကိုက်ခဲခြင်း၊
(၅) အာခေါင်နာ၍ လည်ချောင်းနီရဲလာခြင်း၊
(၆) ဗိုက်အောင့်ခြင်း၊
(၇) ညာဘက်နံရိုးအောက်ကို လက်ဖြင့်စမ်းကြည့်လျှင် နာခြင်း၊
(၈) ဗိုက်တစ်ပြင်လုံးလည်းနာခြင်း၊
(၉) အဖျားဆက်တိုက် (နှစ်ရက်မှ ခုနစ်ရက်) တက်ပြီး တဖြည်းဖြည်း ပြန်ကျလာခြင်း၊
(၁၀) တစ်ခါတစ်ရံ အပူချိန် ၄၀-၄၁ံC အပြင်းဖျားပြီး တက်တတ်ခြင်း တို့ဖြစ်သည်။

လက်မောင်းတွင် သွေးပေါင်ချိန်ဖိအားဖြင့် စမ်းကြည့်သည့်နေရာတွင် အနီစက်များ ထွက်လာသည့်အပြင် များသောအားဖြင့် အနီစက်သေးသေးကလေးများ ခြေထောက်၊ ချိုင်း၊ မျက်နှာ၊ အာခေါင်တွင် ပေါ်လေ့ရှိသည်။ နှာခေါင်းသွေးလျှံခြင်း၊ သွားဖုံးမှ သွေးထွက်ခြင်းတို့ ဖြစ်တတ်သည်။ အစာအိမ်သွေးထွက်ခြင်းလည်း တစ်ခါတစ်ရံ ဖြစ်တတ်သည်။ သွေးကြည်ရည်တွေ အထွက်လွန်၍ သွေးနီများ ခဲမလာစေရန် ဓာတ်ဆားရည်သောက်ခြင်း၊ ဓာတ်ဆားရည်သွင်းပေးခြင်း၊ သွေးကြည်ရည်(Plasma) သွင်းပေးခြင်းတို့ဖြင့် ကုသပေးရပေမည်။

သွေးလန့်တုပ်ကွေး

သွေးလန့်တော့မည်ဆိုလျှင် လူမမာသည် ချက်ချင်း နေထိုင်မကောင်းဖြစ်လာသည်။ သုံးရက်နှင့် ခုနစ်ရက်အတွင်း အဖျားကျလာလျှင်လည်း အဖျားကျသွားပြီဟု စိတ်မချရ။ အဖျားပြန်တက်လာပြီး သွေးလန့်သော အရိပ်နိမိတ်များဖြစ်သည့် အရေပြားအေးစက်လာခြင်း၊ ခြေဖဝါး လက်ဖဝါးတင်းပြီး ရောင်ယမ်းလာခြင်း၊ နှုတ်ခမ်းက ပြာလဲ့လဲ့ရောင်သမ်းကာ သွေးခုန်နှုန်းအရမ်းမြန်ခြင်း စသည်တို့ ဖြစ်လာတတ်ပေသည်။ အချို့လူမမာများမှာ လူးလိမ့်ပြီး နောက်ဆုံးတွင် သွေးလန့်ရောဂါ ခံစားလာရတော့သည်။

သွေးမလန့်ခင် ဗိုက်အရမ်းနာသော ဝေဒနာကိုလည်း ခံစားရလိမ့်မည်ကို သိထားသင့်သည်။ သွေးလန့်သည်ကို သွေးပေါင်ချိန်တိုင်းကိရိယာနှင့် တိုင်းကြည့်လျှင် သိနိုင်သည်။ အပေါ်သွေးနှင့် အောက်သွေး နီးကပ်နေခြင်း၊ ဥပမာ- အပေါ်သွေး ၈၀၊ အောက်သွေး ၆၀ (၈၀/၆၀)၊ အပေါ်သွေး ၁၀၀၊ အောက်သွေး ၉၀ (၁၀၀/၉၀)ဖြစ်လာပြီး တစ်ကိုယ်လုံး အေးစက်လာမည်ဖြစ်သည်။ သွေးလန့်သော အချိန်မှာ မကြာပေ။ လူမမာသည် ၁၂ နာရီမှ ၂၄ နာရီအတွင်း အသက်ဘေးအန္တရာယ်ရှိ၍ သွေးပေါင်ချိန် ပြန်တက်ရန်၊ သွေးမလန့်ရန် အစွမ်းကုန်အချိန်လု၍ သွေးလန့်ကာကွယ်ဆေးတို့ဖြင့် ကုသလျှင် ရောဂါပျောက်ကင်းနိုင်ပေသည်။ သွေးလန့်တုပ်ကွေးဖြစ်လာလျှင်-

(၁) ရုတ်တရက်အပြင်းဆက်တိုက် (နှစ်ရက်မှ ခုနစ်ရက်အတွင်း) ဖျားနေခြင်း၊
(၂) အနီစက်များနှင့် အနီကွက်များ ထွက်လာခြင်း၊ မျက်နှာနီမြန်းခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးမည်းမည်း ဝမ်းသွားခြင်း၊
(၃) အသည်းကို စမ်းကြည့်လျှင် ရောင်နေခြင်း၊
(၄) သွေးခုန်နှုန်း အားနည်းပြီး သွေးပေါင်ချိန်နှုန်း အပေါ်သွေး၊ အောက်သွေး ၂၀ မီလီမီတာ မာကျူရီ (သို့မဟုတ်) ၎င်းအောက် လျော့နည်း၍ သွေးပေါင်ကျခြင်း၊
(၅) တစ်ကိုယ်လုံးအေးစက်၍ လူးလိမ့်နေခြင်း-

စသည်တို့ဖြစ်နိုင်သည်ကို မိဘများ ဗဟုသုတအနေဖြင့် သိထားသင့်သည်။ သွေးလွန်တုပ်ကွေးနှင့် သွေးလန့်တုပ်ကွေး နှစ်မျိုးခွဲခြားသိထားရမည့်အပြင် သွေးလွန်တုပ်ကွေးမဖြစ်အောင် ကာကွယ်နည်းကိုလည်း သိထားရမည်ဖြစ်ပေသည်။

ရန်ကုန်မြို့ ကလေးအထူးကုဆေးရုံကြီးမှ နေကောင်း၍ ဆင်းလာသော သွေးလွန်တုပ်ကွေးဖြစ်ခဲ့သည့် ကလေး၏ မိခင်တစ်ဦးသည် မိခင်များပညာပေးဟောပြောရေးနေ့ အခမ်းအနားတွင် အခြားမိခင်များအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း ပညာပေး ဟောပြောနေသည်ကို နားထောင်ခဲ့ရ၍ အထူးပင် ဝမ်းသာဂုဏ်ယူမိပါသည်။

"သွေးလွန်တုပ်ကွေးခြင်က ရေကြည်ရေသန့်ထဲမှာ ပေါက်ပွားလာတဲ့ ပိုးလောက်လမ်းက ဖြစ်လာတာပါရှင်၊ သွေးလွန်တုပ်ကွေးခြင်က ရောဂါဖြစ်တဲ့သူကို ကိုက်တော့ အကိုက်ခံရသူမှာ ဗိုင်းရပ်(စ်)ပိုးတွေ ဝင်လာပါတယ်။ အဲ့ဒီဗိုင်းရပ်(စ်)ပိုးကြောင့် ခြင်ကိုက်ခံရတဲ့ ကလေးရဲ့ ခန္ဓာကိုယ်ထဲမှာ ပိုးတွေဝင်သွားပြီး အူမှာရှိတဲ့ သွေးကြောတွေ၊ ဦးခေါင်းခွံမှာရှိတဲ့ သွေးကြောတွေ၊ နှလုံး၊ အဆုတ်ထဲမှာရှိတဲ့ သွေးကြောထဲက သွေးရည်ကြည်တွေ စိမ့်ယိုလာပြီး သွေးထဲမှာလည်း ဓာတ်သဘာဝတွေ ပြောင်းလဲလာပါတယ်။ အရေပြားမှာ အနီစက်တွေထွက်လာပါတယ်။ အန်တဲ့အခါ ကော်ဖီအနှစ်ရောင် သွေးမည်းမည်းတွေ အန်တတ်ပါတယ်။ အနှစ်ရောင်နဲ့ ကော်ဖီအရောင် မတူပါဘူးဆိုတာကို မိခင်တွေ သိထားသင့်ပါတယ်။ ကိုယ်ခြစ်ခြစ်တောက်ပူပြီးတော့ ကလေးရဲ့ ခြေတွေလက်တွေ အေးစက်လာတတ်ပါတယ်။ နောက်ဆုံး သွေးလန့်ရောဂါရပြီး ကလေးမှာ အသက်အန္တရာယ်ရှိပါတယ်။ မိုးတွင်းမှာ အရေးအကြီးဆုံးကတော့ ခြင်မပေါက်ပွားအောင် အိမ်ခြံဝင်းထဲက အိုးစုတ်၊ ခွက်စုတ်၊ သံဘူးစုတ်တွေ ရှင်းပစ်ပါ။ ချိုင့်တွေမြေဖို့ထားပါ။ သွေးလွန်တုပ်ကွေးခြင်က ရေကြည်မှာ ပေါက်ပွားတော့ ဘုရားပန်းအိုးထဲမှာ ခြင်မပေါက်ပွားနိုင်အောင် ရေလဲပေးပါ။ ရေအိုး၊ ရေကန်တွေကိုလည်း အဖုံးအုပ်ထားပါ၊ **သွေးလွန်တုပ်ကွေးခြင်က ခြင်ပုန်းဖြစ်ပြီး နေ့ခင်းကိုက်တဲ့ ခြင်ဆိုတော့ ကလေးကို အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ပေးပါ။ ခြင်ထောင်နဲ့ သိပ်ပါ။ ခြင်ဆေးထွန်းပေးပါ၊ မိသားစုတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်၊ ကျေးရွာဒေသတိုင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ပြီး ပိုးလောက်လမ်းမပေါက်ပွားအောင် ကာကွယ်ပေးရင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်** ရှင်"ဟု ပြောပြနေရာ ကျွန်မသည် အားရပါးရ လက်ခုပ်တီးအားပေးပြီး ထိုကလေးအမေအား ဂုဏ်ယူချီးကျူးစကား ပြောကြားခဲ့ပါသည်။ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်းက အသိတရားဖြင့် ကြိုတင်ကာကွယ်သွားနိုင်ပါစေဟု ဆန္ဒပြုလျက်...။ ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိသားစုမှ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)သို့ ကွန်ပျူတာတစ်စုံနှင့် ပရိုဂျက်တာတစ်စုံကို ပေးအပ်လှူဒါန်းရာ တပ်မှူး(ကိုယ်စား) အထွေထွေဆေးကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေး လက်ခံယူစဉ်။ (သတင်းစဉ်)

ကွန်ပျူတာတစ်စုံနှင့် ပရိုဂျက်တာတစ်စုံ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှူးပြု၍ ဘဏ္ဍာရေးနှင့် အခွန်ကြီးဌာန မိသားစုက အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)သို့ ငွေကျပ် သိန်းနှစ်ဆယ် လေးသောင်းငါးရာ တန်ဖိုးရှိ ကွန်ပျူတာတစ်စုံနှင့် ပရိုဂျက်တာတစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ညှိခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးဘထွေးချစ်၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)မှ အထွေထွေဆေးကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီး ရဲသွေး၊ ခွဲစိတ်ကုသမှု ဌာနကြီးမှူး ဗိုလ်မှူးကြီးထွန်းမြင့်၊ သားဖွားနှင့် မီးယပ်ကုသမှု ဌာနကြီးမှူး ဗိုလ်မှူးကြီး သိန်းမြင့်သူ၊ မျက်စိရောဂါ ကုသမှု ဌာနမှူး ဒုတိယဗိုလ်မှူးကြီးသိန်းအောင်၊ ဓာတ်ခွဲခန်းဌာနမှူး ဒုတိယ ဗိုလ်မှူးကြီး ဉာဏ်ထိန်လင်းတို့တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လှူဒါန်းခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကွန်ပျူတာတစ်စုံနှင့် ပရိုဂျက်တာတစ်စုံတို့ ပေးအပ်လှူဒါန်းရာ တပ်မှူး (ကိုယ်စား) အထွေထွေဆေးကုသမှု ဌာနကြီးမှူး ဗိုလ်မှူးကြီး ရဲသွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ဗိုလ်မှူးကြီးရဲသွေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ရွှေတိဂုံဘုရားလမ်း ခြံအမှတ်-၂၉၂(ဘီ) ၂/၅နေ ဟာဿတ ဦးကျော်ငြိမ်း - ဒေါ်ကြင်သိန်း၊ ဦးမောင်မောင်ဆွေ-ဒေါ်တင်တင်ငြိမ်း (သမီး) မဥမ္မာမိုးဆွေ၊ ကိုသန်းနိုင်-မစန္ဒာမိုးဆွေ၊(သမီး) မထက်နေခြည်လင်းတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်မည့်သုံးထပ် ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန် ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီစဉ် -English Literature Poetry အင်္ဂလိပ်စာအထူးပြု(တတိယနှစ်)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး"(အပိုင်း-၃)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၂၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လင်းခေးတံတား

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ် နမ့်စန်–မိုးနဲ–တာဆန်းလမ်းပေါ်တွင် တည်ဆောက်ထားသည့် လင်းခေးတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

ထင်းစိုက်ခင်း

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု သာစည်မြို့နယ် မင်းဘုရားကန်ကျေးရွာသုံး ထင်းစိုက်ခင်းကို တွေ့ရစဉ်။

[ဓာတ်ပုံ–မိုးကို(သစ်တော)]

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း အနောက်ဘက်ရှိ ကိုင်းမကြီးကျေးလက်ဆည် ရေဝင်ရောက်မှု အခြေအနေကို တွေ့ရစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)



ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ဤသို့ခမ်းနားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံ–သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းလီစံပြကျေးရွာတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၇ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့မှ ထွက်ခွာပြီး လားရှိုး-သိန္နီ ကားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများစိုက်ပျိုးထားသည့် ကုန်းမြင့်ယာမြေစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် သိန္နီတပ်နယ် မိုင်းလီ ကုန်းမြင့် ယာမြေဧက ၁၀၀စိုက်ကွင်း ရှင်းလင်း ဆောင်သို့ရောက်ရှိကြရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးက ကုန်းမြင့်ယာမြေဧက၁၀၀၌ စပါးလင် များစိုက်ပျိုးထားရှိမှုနှင့် လိုအပ်ချက် များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စိုက်ပျိုးရေး လုပ်ငန်းအတွက် စက်ယန္တရားကြီး များ ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို စီမံဆောင်ရွက် ပေးပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရေး မှာကြားသည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စံနမူနာပြ ဖြစ်အောင်နေထိုင်ရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများကို ပိုမိုအားထုတ်ဆောင် ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ထောက်ပံ့ပစ္စည်း များကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များကိုယ်စား အဖွဲ့ဝင် ဦးသက်တင် အားလည်းကောင်း၊ မိုင်းလီ စံပြ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်း ဘဌေးအားလည်းကောင်း ပေးအပ် သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုင်းလီ စံပြကျေးရွာရှိ စစ်မှုထမ်း ဟောင်း အဖွဲ့ဝင်များ၏ တန်ဖိုးနည်း အိမ်ရာအခြေအနေနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က ရေရရှိရေးနှင့် စိုက်ပျိုး လုပ်ကိုင်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေး နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

အဆိုပါ မိုင်းလီ စံပြကျေးရွာရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ နေအိမ်များမှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ပံ့ပိုးမှုဖြင့်ဆောက်လုပ် ပေးထားခြင်းဖြစ်ရာ နေအိမ်တစ်လုံး အတွက် ငွေကျပ်ငါးသိန်း ကုန်ကျပြီး စုစုပေါင်းနေအိမ် ၁၄လုံးတည်ဆောက် ပေးထားသည်။ ဆက်လက်၍ နှစ်ခန်း တွဲ တိုက်ခန်းများကိုလည်း ဆောက် လုပ်ပေးရန် စီစဉ်ထားကြောင်း သိရ သည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ် ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် မိုင်းလီစံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနသို့ ရောက်ရှိကြရာ ကျန်းမာရေးမှူး ဒေါ်လူးလူနှင့်ကျန်းမာ ရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် မိုင်းလီ စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်နော် ဖောမူးက ကျောင်းသား၊ ကျောင်းသူ ဦးရေ၊ ဆရာမဦးရေနှင့် ပညာရည် မြင့်မားရေးဆောင်ရွက် သင်ကြားပေး မှုများကို ရှင်းလင်းတင်ပြသည်။

နွေစပါးစံပြကွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် သိန္နီမြို့အဝင်ရှိ သိန္နီတပ်နယ်က စိုက်ပျိုးထားသော ဆင်းရွှေလီနွေစပါး ဧက ၅၀စံပြစိုက်ကွက်သို့ရောက်ရှိရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စိုးဦးက တစ်ဧက စပါးတင်း ၁၄၀ ထွက်ရှိမှုကိုလည်းကောင်း၊ သိန္နီ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲကျော် ခိုင်က ဒေသခံပြည်သူများ၏ နွေစပါး စိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဒေသခံပြည်သူများ ၏ ဆင်းရွှေလီစပ်မျိုးစပါး ၈၀ဂမျိုး နှင့် ၇၁ဂမျိုးတို့ ယှဉ်တွဲစိုက်ပျိုးထား သော နွေစပါးစိုက်ခင်းများကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူ များ စိုက်ပျိုးထားသည့် ရင့်မှည့်နေ သော နွေစပါးများအား ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက် များဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေး သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် စပါးစိုက်ဒေသခံ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ ၍ အားပေးစကားပြောကြားသည်။

သိန္နီမြို့နယ် အနေဖြင့် နွေစပါး ဧက ၁၆၀ စိုက်ပျိုးထားပြီး စပါး အထွက်နှုန်းမှာ တစ်ဧက တင်း၁၅၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ် ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များ သည် နားတီးကျေးရွာရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက် လျက်ရှိသည့် သိန္နီ-ကွမ်းလုံ- ဟိုပန်-မိုင်းမောလမ်း၏ သိန္နီ- ကွမ်းလုံကြား သဲတောင်ရှောင်ကွင်း လမ်းဖောက်လုပ်ခြင်း လုပ်ငန်းရှင်းလင်း ဆောင်သို့ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က သိန္နီ-ကွမ်းလုံ လမ်းကြောင်းပေါ် မိုင်တိုင်အမှတ် (၃၉/၀) မှ (၄၃/၀) အကြား၌ နားတီး-ကန်မိန်း-ဟိုလီ အရှည်မိုင် ၃၀ရှိ လမ်းကြောင်းအသစ် ရှာဖွေ တွေ့ရှိပြီး ဖောက်လုပ်မှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ် အင်ဂျင် နီယာမှူးကြီး ဦးကျော်မင်းသိန်းက နားတီးမှ ကန်မိန်းကျေးရွာအထိ လမ်းအရှည် ၁၆မိုင်ကို ပေ၄၀ကျယ် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြ သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် နားတီးကျေးရွာမှတစ်ဆင့် သိန္နီ- ကွမ်းလုံကြား သဲတောင်ရှောင်ကွင်း လမ်း အသစ်ဖြစ်သော နားတီး- ကန်မိန်း-ဟိုလီလမ်းကြောင်း အတိုင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နားတီးမှ မိုင်တိုင် အမှတ်(၄/၇)အရောက်တွင် လမ်း၏ ဘယ်ဘက်ခြမ်းလမ်းသားကို ၁၀ ပေ နှင့် ညာဘက်ခြမ်းလမ်းသားကို ပေ ၂၀စီ ထပ်မံတိုးချဲ့ဖောက်ပြီး **"ရှုခင်း သာ** (View Point)" စိုက်ထူထား ရန် တာဝန်ရှိသူများအား မှာကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် သဲတောင်ရှောင်ကွင်းလမ်း အတိုင်း ဆက်လက်ထွက်ခွာလာရာ မွန်းတည့် ၁၂နာရီတွင် မိုင်တိုင်အမှတ်(၁၆)မိုင်ရှိ ကန်မိန်းရွာသို့ ရောက်ရှိကြပြီး မြို့နယ် နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒေသခံတိုင်းရင်းသားများ ဖြစ်ကြ သော ကချင်၊ ကိုးကန့်၊ မြောင်ဇီးနှင့် ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံ ကျေးရွာပြည်သူများက ကြိုဆိုကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် နားတီးမှ ကန်မိန်း အထိ သဲတောင်ရှောင်ကွင်းလမ်း လမ်းအူကြောင်း အရှည် ၁၆မိုင် ပထမအဆင့်ပေ ၄၀အကျယ်မြေသား လမ်းဖောက်လုပ်ပြီးစီးသည့်လမ်းအား ဖွင့်လှစ်ပေးပြီး အောင်မြင်စွာ ဖောက် လုပ် ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ကျောက်ထင်ရှူးပင်ကို စိုက်ပျိုးပေး သည်။

ထို့အတူ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကလည်း လမ်းအူကြောင်းအောင်မြင် စွာ ဖောက်လုပ်ပြီးစီးခြင်း အထိမ်း အမှတ်အဖြစ် ကျောက်ထင်ရှူးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား ဒေသခံတိုင်းရင်း သားများက ရိုးရာအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ် သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား ဒေသခံ တိုင်းရင်းသားများက ရိုးရာ အထိမ်း အမှတ် ဂုဏ်ပြုလက်ဆောင်များကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ကန်မိန်း အခြေခံ ပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက် တစ်လုံးကို ကန်မိန်းကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခေါင်ဆယ်နှင့် ကချင်စာပေ နှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဦးတီတောင်ဝေတို့အား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူ များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြ သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နားတီး-ကန်မိန်း မြေသားလမ်း ဖွင့်လှစ်ပေးနိုင်ခြင်းအားဖြင့် နားတီး- ကန်မိန်းကြားရှိ ကျေးရွာများဖြစ်သည့် အထက်ပန်ဝ၊ နမ့်လောက်၊ နမ့်လင်း၊ ကန်မိန်းတို့မှ တိုင်းရင်းသားပြည်သူ များသည် ယင်းလမ်းကို အသုံးပြု၍ လားရှိုးမြို့သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်ပြီး ကန်မိန်းနှင့် ဟိုလီကြားရှိ တာရောက်ထီး၊ ပန်ဝိုနှင့် ပန်မကျေးရွာများမှ တိုင်းရင်းသား ပြည်သူများလည်း အဆိုပါလမ်းကို အသုံးပြု၍ ကန်မိန်းမှ တစ်ဆင့် နားတီးနှင့် လားရှိုးမြို့တို့သို့ လွယ်ကူ ချောမွေ့လျင်မြန်စွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

နားတီး - ကန်မိန်း - ဟိုလီ သဲတောင်ရှောင်ကွင်း လမ်းသစ်မှာ မိုင် ၃၀ခန့် အရှည်ရှိပြီး နားတီး- ကွမ်းလုံလမ်းကြောင်းသည် အရှည် မိုင်၂၀ခန့်ရှိသည်။ ၁၀မိုင် ပိုရှည်သွား သော်လည်း နှစ်စဉ် ခရီးသွားလာရာ တွင် သဲတောင်များပြိုကျမှုအန္တရာယ် မှ ကင်းဝေးကာဒေသတွင်းရှိ ကျေးရွာ များသည် ဆက်သွယ်ရေး၊ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊စီးပွားရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မြေသားလမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ကန်မိန်း-ဟိုလီလမ်းအပိုင်းရှိ မိုင်တိုင် အမှတ်(၁၆/၁)သို့ ရောက်ရှိကြပြီး စက်ယန္တရားဖြင့် ပေ ၄၀ ကျယ် မြေသားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ကန်မိန်းကျေးရွာ အဝင်နှင့်ရွာအထွက်လမ်းကို ပေ ၅၀ ကျယ် လမ်းသားအဖြစ် တိုးချဲ့ရန်နှင့် ကျန်လမ်းအပိုင်းဖြစ်သည့် ကန်မိန်းနှင့် ဟိုလီအကြား ၁၄မိုင် လမ်းအပိုင်းကို ပေ၄၀ကျယ်လမ်းသားအဖြစ် ဖောက် လုပ်ရာတွင် အဆင်းအတက်ပြေပြစ် သည့် နေရာကို ထပ်မံရှာဖွေပြီး ဖောက်လုပ်ရန်၊ သဲတောင်ရှောင်ကွင်း လမ်း မိုင် ၃၀အတွင်းရှိ သစ်သား တံတားဟောင်းများကို မော်တော် ယာဉ်များအန္တရာယ်ကင်းစွာဖြတ်သန်း နိုင်ရေးအတွက် အသစ်ပြန်လည် တည်ဆောက်ရန်၊ သစ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အချိန်မီပြီးစီး အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းညွှန် အမှတ်အသား စနစ်တကျစိုက်ထူရန် တို့ကို တာဝန်ရှိသူများအား မှာကြား သည်။

ကွမ်းလုံမြို့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် နှင့်အဖွဲ့ဝင်များသည်မွန်းလွဲ ၂နာရီခွဲ တွင် ကွမ်းလုံခရိုင် ကွမ်းလုံမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကွမ်းလုံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိစစ်သည်များနှင့် မိသားစုဝင် များအား တွေ့ဆုံပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ပညာရေး၊ကျန်းမာ ရေးနှင့် မိမိတို့ အိမ်ခြံဝင်းအတွင်း ရာသီသီးနှံပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေး၊ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီးလေးရပ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး ဆွေးနွေး မှာကြားကာ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ချင်းရွှေဟော်-လောက်ကိုင် ကားလမ်းတစ်လျှောက် ဒေသခံ ပြည်သူများ စိုက်ပျိုးထားသည့် ဘိန်း အစားထိုး နှစ်ရှည်ပင်များဖြစ်သော ရော်ဘာစိုက်ခင်းများနှင့် သီးနှံစိုက်ခင်း များကို မော်တော်ယာဉ်များဖြင့်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ရှိ ဧည့်ရိပ်သာသို့ ညနေ၄နာရီ၃၅မိနစ် တွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

✧ ဒုတိယဗိုလ်ချုပ်ကြီးမှ

မြိတ်–တနင်္သာရီလမ်း မိုင်တိုင်အမှတ်(၂၈/၄)မှ (၃၃/၅)အထိ လမ်းပြုပြင်ခြင်းလုပ်ငန်းသို့ ရောက်ရှိပြီး ၂လက်မ × ၄လက်မ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၇/၇) ပတ်ဝန်းကျင်တွင် ရေကျော်နေသည့် နေရာများ၌ လမ်းတာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အဆတိုးကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုဖောက်လုပ်လျက်ရှိသည့် မြိတ်–တနင်္သာရီ–ဘုတ်ပြင်း ကားလမ်း၌ ခရီးသည်တင်မော်တော်ယာဉ်များ လာမည့် ပွင့်လင်းရာသီတွင် ပြေးဆွဲနိုင်ရေးအတွက် ယခုထက်အဆတိုး၍ ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၆၉/၀)မှ (၆၉/၁) အတွင်းရှိ တာလပတ်ချောင်းကူးတံတားသို့ရောက်ရှိပြီး ရေတိုက်စား ပျက်စီးသွားသည့် ပေ ၉၀ အရှည်ရှိ တာလပတ်ချောင်းကူး ဘေလီတံတား ပြန်လည်ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား တံတားရေရှည်တည်တံ့ခိုင်ခံ့စေရန် အနီးကပ်ကြီးကြပ် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မိုင်တိုင်အမှတ် (၇၂/၅)ရှိ ချောင်းလမုကျောက်မိုင်းနှင့် မိုင်တိုင်အမှတ် (၇၆/၄)ကျောက်မိုင်းတို့မှ ကျောက်များ တိုးမြှင့်ထုတ်လုပ်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မိုင်တိုင်အမှတ် (၇၅/၀)မှ (၇၅/၁)အတွင်း လမ်းအနိမ့်အမြင့် (Gradient) ဖြေခြင်းလုပ်ငန်း ပြီးစီးမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး မိုးတွင်းကာလတွင် လမ်းပျက်စီးမှုမရှိစေရေးအတွက် ရေလွှဲမြောင်းများ ဖောက်လုပ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

လမ်းချဲ့လုပ်ငန်းစစ်ဆေး

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာ၍ မိုင်တိုင်အမှတ် (၇၄/၀)မှ (၇၈/၀)အတွင်း ပေ ၄၀ အကျယ် လမ်းချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရေဆင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၈၀/၀)မှ (၈၀/၆)အတွင်းရှိ ရင်ကွဲတောင် တောင်တက်၊ တောင်ဆင်းလမ်း ဖောက်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ရင်ကွဲတောင် တောင်တက်၊ တောင်ဆင်း လမ်းဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းအကျယ် ပေ ၃၀ ဖောက်လုပ်ရေး အတက်၊ အဆင်း မတ်စောက်မှုမရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပွိုင့် (၁၀၂၀)တောင်၌ လမ်းဖောက်လုပ်ပြုပြင်မည့် အခြေအနေများနှင့် ပွိုင့် (၁၀၂၀) တောင်တက်လမ်းလွှဲဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်တက်လမ်း၌ ယာဉ်များ ပြေပြစ်လွယ်ကူစွာ သွားလာနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆောင်ရွက်ပြီးစီး

တနင်္သာရီ–ဘုတ်ပြင်းလမ်းပိုင်းရှိ တနင်္သာရီ–ပွိုင့် (၁၀၂၀)အပိုင်း မိုင်တိုင်အမှတ် (၅၀/၅)မှ (၈၆/၅)အထိ ၃၆မိုင်တွင် မြေသားလမ်းအကျယ်ပေ ၄၀ တိုးချဲ့ခြင်းလုပ်ငန်းကို ခုနစ်မိုင် သုံးဖာလုံ ဆောင်ရွက်ခဲ့ရာ အားလုံးပြီးစီးပြီး ၁၄ပေအကျယ် ကျောက်ခင်းလမ်း တိုးချဲ့ခြင်း ၃၂မိုင်ရှိသည့် အနက် ၁၂မိုင် လေးဖာလုံ ဆောင်ရွက်ပြီးစီးခဲ့သည်။ မိုင်တိုင်အမှတ် (၅၅/၀)မှ (၆၃/၄)အတွင်း ယာယီသစ်သားရေထွက်ပေါက် ၂၉ခုကို နှစ်လက်မပတ်လည်ရှိ ရေထွက်များ အဖြစ် ပြောင်းလဲဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ပွိုင့် (၁၀၂၀)မှ မဏ္ဍိုင်အပိုင်း မိုင်တိုင်အမှတ် (၈၆/၅)မှ (၁၁၅/၁)အထိ ၂၈မိုင် လေးဖာလုံတွင် လက်ရှိ ကျောက်ခင်းလမ်းကို ၁၄ ပေ အကျယ်သို့ တိုးချဲ့ခြင်းလုပ်ငန်း လေးမိုင် တစ်ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပြည်ကြီးမဏ္ဍိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသို့ ရောက်ရှိကြပြီး ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စုပေါင်းရုံးရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းနှင့် စာဖတ်ခန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရုံးခန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်း၊ တရားသူကြီးရုံးခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပြည်သူ့ဆေးရုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ယာယီတာဝန်ခံ ဆရာဝန် ဒေါက်တာခင်ဌေးရီနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဆေးရုံဝန်ထမ်းများနေထိုင်ရန် ခြောက်ခန်းတွဲအိမ်ရာ ဆောက်လုပ်ရေးအတွက် ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် လေညှာ–မဏ္ဍိုင် မြစ်ကူးတံတားတည်ဆောက်ရေး စီမံကိန်းရုံးသို့ ရောက်ရှိရပ်နားသည်။ (သတင်းစဉ်)

❁ နိုင်ငံတော်မှ

ထို့သို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် The Apostolic Delegate from Rome for Myanmar, Brunei Darussalam, Laos and Malaysia and who is also The Apostolic Nuncia for Thailand, Cambodia and Singapore, Office in Bangkok His Grace Archbishop Salvatore Pennacchia၊ 1st Counsellor of Apostolic Nunciature in Bangkok Rev. Msgr. Francis Cao Minh Dung၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး မြန်မာတစ်ပြည်လုံးဆိုင်ရာ ကက်သလစ် ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ Archbishop Charles Maung Bo နှင့် လွိုင်ကော်ကက်သလစ် ဂိုဏ်းအုပ် ဆရာတော်ကြီး Bishop Sotero Phamo တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သာသနာရေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန်　ဇွန် ၁၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry သည် ယနေ့နံနက် ၁၀နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇွန် ၁၀ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၆)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာမြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez က ကြိုဆို နှုတ်ဆက်စဉ်။(သတင်းစဉ်)

စီးပွား/ ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ အစည်းအဝေးတက်ရန် ဘရာဇီးသို့ ထွက်ခွာ

ရန်ကုန်　ဇွန်　၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဆန်ပေါင်းလိုမြို့၌ ကျင်းပမည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်အတူ အဖွဲ့ဝင်အဖြစ် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်　ဇွန်　၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှနှင့် ဒုတိယဝန်ကြီး၏ဇနီး ဒေါ်စမ်းစမ်းဝေ၊ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဒေါ်သန်းနွဲ့က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အစိုးရ MOU အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ရာလျှန်မုန်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ဟောပြောသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ နှိုးဆော်

ရန်ကုန်　ဇွန်　၁၀

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး ကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက် လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင် ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည်မြန်မာပြည်" ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ ဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်/ ကလေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ ရခိုင်ပြည်နယ်သို့သွားရောက်၍ လေပြင်းဒဏ်သင့် မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ရခိုင်ပြည်နယ်စစ်တွေမြို့သို့ နံနက် ၁၁ နာရီတွင်ရောက်ရှိပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် စစ်ဘက်၊ နယ်ဘက်မှအရာရှိများ၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနှင့် အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များကကြိုဆိုကြသည်။

ထို့နောက် မွန်းလွဲ ၁၂နာရီခွဲတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ တက်ရောက်လှူဒါန်းကြသည်။

စုပေါင်းလာရောက်

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ လေပြင်းဒဏ်သင့်မြို့နယ်များအတွက် ကူညီထောက်ပံ့လှူဒါန်းရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှတာဝန်ရှိသူများ စုပေါင်းပြီး ယခုကဲ့သို့လာရောက်ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဒဏ်ခံရသည့် ရခိုင်ပြည်နယ် မြို့နယ်လေးမြို့နယ်က ပြည်သူများအနက် အသက်ဆုံးရှုံးသူများ၊ ပစ္စည်းဥစ္စာ ဆုံးရှုံးမှုများနှင့် အိမ်ရာများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရှိရသည့်အတွက် အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ကူညီ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဇွန် ၉ ရက်က ဦးဥတ္တမခန်းမတွင် ကျင်းပသော ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့် မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲတွင် အလှူငွေ ကျပ်သိန်း၂၀ကို ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ရန်နှင့် တိုင်းရင်းသားမိသားစုများကို လူသားချင်းစာနာစိတ်ဖြင့် လာရောက်ထောက်ပံ့ခြင်း၊ ကူညီအားပေးခြင်း ဖြစ်ကြောင်း။

ကိုယ်စား

မိမိအနေဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့၏ ကိုယ်စားအဖြစ် သာမက ပြည်ထောင်စုအတွင်းရှိ အမျိုးသမီးထု၏ ကိုယ်စားအဖြစ်ပါ ရခိုင်ပြည်နယ်သို့ လာရောက်၍ တိုင်းရင်းသား မိသားစုများအား လာရောက် အားပေးခြင်းဖြစ်ကြောင်း။

မျက်မှောက်ခေတ်တွင် သိပ္ပံပညာများ လွန်စွာတိုးတက်နေသော်လည်း သဘာဝဘေးအန္တရာယ်များကို ယခုအချိန်အထိ မတားဆီးနိုင်သေးသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခု ရခိုင်ပြည်နယ်၌ ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်အတွက် မိမိတို့အနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း။

နိုင်ငံတော်နှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်နယ်၊ တိုင်းရေးအသင်းမှသည် အောက်ခြေအဆင့်အထိ ပါဝင်ဆောင်ရွက်နေကြသော အဖွဲ့ဝင်၊ အသင်းဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ကို ခံခဲ့ရသော မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တတ်နိုင်သည့်ဘက်က ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ်၁၀သိန်းနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် ၁၀သိန်း စုစုပေါင်းငွေကျပ် သိန်း၂၀ကို ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အဝတ်အထည်၊ စာအုပ်နှင့်စာရေးကိရိယာများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့်ဆေးဝါးနှင့်အဝတ်အထည်ပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက လည်းကောင်း ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးထံသို့ အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တက်ရောက်လာကြသော ရခိုင်ပြည်နယ်နှင့် မြို့နယ်အဆင့်ရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အသီးသီးမှ အလှူရှင်များက စာနာမှုဖြင့် လှူဒါန်းကြသည့်အတွက် အထူးဂုဏ်ပြုလိုကြောင်း၊ အလှူရှင်များ၏ စေတနာကိုလည်း ချီးကျူးလိုပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်ပြီး ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာရရှိရေးကို ဦးတည် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်

ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက ရှင်းလင်းပြသသည်။ ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့နှင့် အမှတ်(၁၅)မူလတန်းကျောင်း ပြည်တော်သာမှ ကျောင်းသူလေးများ၏ ရခိုင်ရိုးရာအကများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စစ်တွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့်ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ် ရုံးခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဇွန် ၁၀ ရက်က စစ်တွေမြို့နယ် ပါရမီကျေးရွာတွင် ကျေးရွာအဆင့် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့နံနက်ပိုင်းတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့အား အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုး ဇွန်၉ရက်က ဦးဥတ္တမခန်းမတွင်ကျင်းပသော ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသည့်ဆေးဝါးနှင့်အဝတ်အထည် ပစ္စည်းများကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဇွန်၉ရက်က ဦးဥတ္တမခန်းမတွင် ကျင်းပသော ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့် မြို့နယ်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသည့်အဝတ်အထည်၊ စာအုပ်နှင့် စာရေးကိရိယာများကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ **အမျိုးသားညီလာခံမှ**

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များအား **"တို့အောင်ပွဲ"** တေးသရုပ်ဖော်အစီအစဉ်ဖြင့် မြဝတီအငြိမ့်အဖွဲ့က သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဂီတပညာရှင် စန္ဒရား(ဦး)ချစ်ဆွေနှင့် တေးသံရှင် ကိုမင်းနောင်တို့က ဂန္ထဝင်တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထို့နောက်တေးသံရှင်များဖြစ်ကြသော သီရိကိုကို၊ကော့မိုင်၊ နန်းမြတ်သန္တာကိုနှင့် ရင်ဂိုတို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ခေါင်းဆောင်မင်းသမီး ဝိုင်းချစ်ချစ်အောင်၊ မင်းသမီး အေးအေးဦး၊ လူရွှင်တော်များဖြစ်ကြသော နေကြာ၊ ငှက်ရိုး၊ အာနီ၊ တက်ပု၊ စင်ကြယ်နှင့် ပြောင်ပြောင်တို့ပါဝင်သော မြဝတီအငြိမ့်အဖွဲ့က ဧည့်ခံဖျော်ဖြေပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဂီတပညာရှင် စန္ဒရား(ဦး)ချစ်ဆွေနှင့် တေးသံရှင် ကိုမင်းနောင်တို့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က မြဝတီအငြိမ့်အဖွဲ့သို့ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဂန္ထဝင်တေးသီချင်းများနှင့် မြဝတီအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဂန္ထဝင်တေးသီချင်းများနှင့် မြဝတီအငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က မြဝတီအငြိမ့်အဖွဲ့သို့ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် မြန်မာ့ရိုးရာလက်ဝှေ့ လူရွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲအတွက် လက်ရည်စစ်လူရွေးပွဲကို ဇွန် ၁၂ရက်နှင့် ၁၃ရက်တို့တွင် သုဝဏ္ဏအိပ်ကျော်ခြင်း အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပထမနေ့ပွဲစဉ်

ဇွန် ၁၂ရက် ပထမနေ့ပွဲစဉ်တွင် ဝင်းထွန်း(တွံတေး)နှင့် ကျော်ဆန်း(မြောင်းမြ)၊စောဝီလျံသိန်း(ရန်ကုန်)နှင့် စောခွဲလေး(ထားဝယ်)၊ အာကာဟိန်း(ဒိုက်ဦး)နှင့် ဝမ်ရှိ(မြောင်းမြ)၊ရွှေမျိုးဝင်း(ရန်ကုန်)နှင့် ခေါင်းလေး(ဒိုက်ဦး)၊ သားစစ်နိုင် (ပွဲကျောင်း)နှင့် မဲလေး(ဘားအံ)တို့ ရင်ဆိုင်ယှဉ်ပြိုင်ကြမည်။

ဇွန် ၁၃ရက် ဒုတိယနေ့ပွဲစဉ်တွင် ဝမ်ချိုင်း(မြို့တော်စည်ပင်)နှင့် ရွှေဆိုင်း(ဘားအံ)၊ ကိုဦးလေး(မြို့တော်စည်ပင်)နှင့် ပိုင်သက်စိုး(ဘားအံ)၊ကြယ်ဖြူလေး(ဘားအံ)နှင့် သိုးကောင်း(ပွဲကျောင်း)၊ ဒေါနအောင်(ဘားအံ)နှင့် မိုးမနား(မဒေါက်)၊ ခွဲမာန်(ရန်ကုန်)နှင့် မုန်တိုင်း(ဘားအံ)တို့ အတွဲများ ကွဲကွဲပြားပြားဖြစ်အောင် ယှဉ်ပြိုင်ပြီး နိုင်ငံတကာပွဲအတွက် လက်ရည်စစ်ခံကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဇွန် ၁၀ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂျပန်လက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသော မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေး စကားပြောကြားစဉ်။ (အား/ကာ)

➪ စာမျက်နှာ ၁၀ မှ

ထို့နောက် ပါရမီကျေးရွာ (ယခင် ပါဒလိတ်ကျေးရွာ) သို့ သွားရောက်ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးစီမံချက်လုပ်ငန်းစဉ်အရ ဖွင့်လှစ်မည့် လူငယ်ရိပ်မြုံ အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပါရမီကျေးရွာရှိ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျေးရွာပြည်သူများ၊ ကျေးရွာရှိဆယ်ကျော်သက်ရွယ်လူငယ် လူရွယ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ တည်ဆောက်ပေးသည့် လူငယ်ရိပ်မြုံကို အကျိုးရှိစွာအသုံးချရေး၊ ပါရမီကျေးရွာကို စံပြကျေးရွာအဖြစ်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင်ရောက်ရှိကြသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန အခြေခံဆေးတပ်စု သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ အခြေခံဆေးတပ်စု သင်တန်း အမှတ်စဉ်(၂/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် ၇၀၀ မှ ဗိုလ်မှူးကြီးခင်ဇော်၊ ဒုတိယဗိုလ်မှူးကြီးကျော်စိုး၊ ဗဟိုမီးသတ်သင်တန်းကျောင်းရှိ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ ဌာနချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် ပြည်နယ်၊ တိုင်း မီးသတ်ဦးစီးဌာနများမှ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကာလ

အခြေခံဆေးတပ်စု သင်တန်းအမှတ်စဉ်(၂/၂၀၀၄)အား သင်တန်းသား ၃၀ ဦးဖြင့် ဇွန် ၇ရက်မှ ဩဂုတ် ၁၃ရက်အထိ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၁၀

နယ်မြေခံ ထောက်လှမ်းရေးတပ်၊ နယ်မြေခံတပ်နှင့် မိုင်းပန်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် မေ ၂၈ရက်တွင် မိုင်းပန်ရဲစခန်းရှေ့၌ မသင်္ကာဖွယ်တွေ့ရှိရသည့် ထော်လာဂျီအား ရပ်တန့်စစ်ဆေးရာ ခရီးသည် မအုန်းရီထံမှ ဘိန်းစိမ်း ၁၀ ဒသမ ၃၆၉ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မိုင်းပန်မြို့ အနောက်ရပ်နေ ဦးအုန်းကျော်၏ သမီး မအုန်းရီအား မိုင်းပန်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၄/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို လွိုင်လင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် တရားရုံးက တရားခံမအုန်းရီအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၃၀ ချမှတ်ခဲ့သည်။

ဖမ်းဆီးရမိခဲ့

အလားတူ နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ ရန်ကုန်မူးယစ်အထူးအဖွဲ့နှင့် တောင်ဥက္ကလာပ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် သတင်းအရ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် မင်းရဲကျော်စွာ(၃)လမ်းနေ မောင်မြင့်(ခ)အောင်မြင့်၏ နေအိမ်ကိုစစ်ဆေးရှာဖွေရာ ဆေးခြောက် ၄၈၉ ဒသမ ၈၇၉၉ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် မင်းရဲကျော်စွာ(၃)လမ်းနေ ဦးဝင်း၏ သား မောင်မြင့်(ခ)အောင်မြင့်အား တောင်ဥက္ကလာပရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၄/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ဒုတိယခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် တရားခံမောင်မြင့်(ခ)အောင်မြင့်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

(သတင်းစဉ်)

မိတ္ထီလာမြို့လုံးကျွတ် စုပေါင်း ဆွမ်းလောင်းလှူ

ရန်ကုန် ဇွန် ၁၀

မိတ္ထီလာမြို့ မြောက်ကန်တော်ကြီး အတွင်းမှ နုန်းများ ပြန်လည်ဆယ်ယူ တူးဖော်ခြင်းလုပ်ငန်းကို ၃၉ ရက် တိုင်တိုင် ဆောင်ရွက်ခဲ့ရာ တာကျင်းပေါင်း ၁၇၄၅၅ ကျင်း တူးဖော်နိုင်ခဲ့ပြီး ရေဂါလန် ၁၀၈၀၉၀၅၀ အထိ သိုလှောင်နိုင်ခဲ့ခြင်း အထိမ်းအမှတ် အောင်ပွဲအဖြစ် နယ်မြေခံ ခြေမြန်တပ်မဌာနချုပ် မိသားစုနှင့် မြို့လူထု၏ မြို့လုံးကျွတ် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကြီးကို မိတ္ထီလာ-မြင်းခြံသွားကားလမ်းဘေးမထောင်းတာကန်ပေါင်ရိုး ယာယီမဂ်လာမဏ္ဍပ်တွင် ဇွန် ၅ ရက် နံနက် ၅ နာရီက ကျင်းပသည်။

စုပေါင်းဆွမ်းလောင်းလှူ

ဆွမ်းလောင်းလှူပွဲကြီးတွင် နယ်မြေခံ ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ လေကြောင်းအတတ်သင် လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင် လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများက မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၁၀၀၀ကျော်တို့အား စုပေါင်း ဆွမ်းလောင်းလှူကြသည်။ (က-ပ)

အလှူငွေလက်ခံ

မေ ၂၇ ရက်က အမှတ် (၈၄) ပိတောက်ပင်လမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးရီထွေး-ဒေါ်ဝင်းရွှေ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်၊ ဆေးကုသရေး အထူးရန်ပုံငွေနှင့် ဆွမ်းတစ်ရက်စာတို့အတွက် အလှူငွေ ကျပ် ၄၀၈၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English for Everyday Use.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ရူက္ခဗေဒ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅း၄၀ ၈။ **စက်မှုတပ်ဆင် လုပ်ငန်းတွင် (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မိုမိုမြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)**
- ၅း၄၅ ၉။ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
- ၅း၅၅ ၁၀။ မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်
- ၆း၁၀ ၁၁။ Discovery.
- ၆း၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၃၀)**
- ၇း၃၀ ၁၆။ ရခိုင်ပြည်နယ် (အပိုင်း-၂)
- ၇း၄၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင် (ဆပ်ကပ်ပညာဒီပလိုမာ) အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၂)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်နေရာများ ထုတ်ပြန်

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါး/ပုစွန် သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၄ခုနှစ် ဇွန်လ ၁ရက်နေ့မှ ၂၀၀၄ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့အထိကို အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန်ကို ညွှန်ကြားချက်အမှတ် (၂/၂၀၀၄)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ ဘီ-၂၀) (ငါးဖမ်းကွက်အမှတ် စီ-၃ နှင့် စီ-၄ တွင် ကမ်းခြေမှ (၁၀)မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီ ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

၃။ သို့ဖြစ်ပါ၍ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများ၌ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၆-၂၀၀၄)

အောင်လံ	-	၂ ဒသမ ၀၅ လက်မ
မင်းတပ်	-	၁ ဒသမ ၈၅ လက်မ
မြိတ်	-	၁ ဒသမ ၇၇ လက်မ
မုံရွာ	-	၁ ဒသမ ၆၅ လက်မ

"တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်" ဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၀

ယခု သောကြာပတ်တွင် မလိခ ရုပ်ရှင်မှ ဒါရိုက်တာ မလိခ စိုးထိုက်အောင်ရိုက်ကူးသည့် **တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်**ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက်ပြသနေသည်။ ထိုဇာတ်ကားတွင် ဒွေး၊ ထက်ထက်မိုးဦး၊ ရဲအောင်နှင့် သရုပ်ဆောင်များ ပါဝင်ထားကြသည်။

'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ ဖြစ်တတ်သည်' ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။



ရွှေဆောင်

ဆက်လက်၍ သုခမိန်ရုပ်ရှင်မှ ဒါရိုက်တာသရုပ်ဆောင် ဇာဂနာ ရိုက်ကူး၍ ကျော်သူ၊ လူမင်း၊ ဆုပန်ထွာ၊ စမ်းစမ်းအေး(ရှမဝ)၊ အောင်လွင်နှင့် ဟာသသရုပ်ဆောင်များ ပါဝင်သည့် **ဘာအရေးကြီးဆုံးလဲ** ဇာတ်ကား ရွှေဆောင်ရုံကြီးတွင် ပြသဆဲရှိသည်။

နေပြည်တော်

နေပြည်တော်ရုံတွင် S.W.A.T အမည်ရှိနိုင်ငံခြားအက်ရှင် သည်းထိတ်ရင်ဖိုဇာတ်ကား တတိယပတ် အဖြစ် အောင်ပွဲခံ ဆက်လက်ပြသနေသည်။

အဆင့်မြင့်ဗီဒီယို

ဖြိုးနှင့်မင်း ဗီဒီယိုမှ ဒါရိုက်တာဇာတ်ပုံအဏ်ထော်ဏ်(မော်လမြိုင်)ရိုက်ကူး၍ သူထူးစံ၊ နေတိုး၊ ကျော်ဇောဟိန်း၊ မျိုးစန္ဒီကျော်၊ အေးဝတ်ရည်သောင်းနှင့် ခင်စိုးပိုင်တို့သရုပ်ဆောင်သည့်**ခယောင်းလမ်းမှအပြန်** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေဂုန်၊ နဝဒေး၊ စံပြရုံများတွင်ယခုအပတ်တင်ဆက်ပြသနေသည်။

မိဘကိုကျောခိုင်း၍ အမှောင်ခရီးကိုသွားမိရာမှ ခက်ခက်ခဲခဲ ပြန်လှည့်ရပုံကို ရိုက်ကူးပြသထားသည့်ဇာတ်ကားဖြစ်သည်။

"ခယောင်းလမ်းမှ အပြန်" အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ သူထူးစံနှင့် အေးဝတ်ရည်သောင်း။

မြို့မ

ထို့ပြင် မြို့မရုံ၌ Officer အမည်ရှိ အိန္ဒိယအချစ်နှင့်အက်ရှင်ဇာတ်ကား ရုံတင်ပြသလာသည်။ သရုပ်ဆောင် ဆူနီရှက်တီ၊ ရာဗီနာတန်ဒါတို့ ပါဝင်ကြသည်။

ဘုရင်

ဘုရင်ရုံတွင် Asoka **အသောက** အမည်ရှိ အိန္ဒိယဂန္ထဝင်ရုပ်ရှင် ဇာတ်ကား ရုံတင်ပြသနေသည်။ ခမ်းနားကြီးကျယ်စွာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်၍ အသောကဘုရင်အဖြစ် ရှရွတ်ခန်းက အထူးသရုပ်ဆောင်ပါဝင်ထားသည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် Mohabbatein အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ရုံတင်ပြသလာသည်။

ရှရွတ်ခန်း အမီတာဘာဂျန်း၊ အက်ရှိုက်ဝါရာရိုင်းတို့ သရုပ်ဆောင်ထားကြသည်။

ရတနာပုံ

မြေနီကုန်း ရတနာပုံရုံတွင် အိန္ဒိယရုပ်ရှင်သရုပ်ဆောင် ရိုသစ်ရောရှန်း၊ အမိရှာပတေးတို့ပါဝင်သည့် AAP MUJHE ACHCHE LAGUE LAGE အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင် ပြသနေသည်။ အိန္ဒိယအကနှင့် ဥရောပ ရှုခင်းများကို နောက်ခံထား ရိုက်ကူး ထားသည်။ **(ကြေးမုံ)**

Officer ဇာတ်ကားမှ သရုပ်ဆောင်ကွက်။

"စတိုင်" ဟာသဇာတ်ကား ရွှေအပတ် ရုံတင်မည်

ရန်ကုန် ဇွန် ၁၀

လာမည့် သောကြာပတ်တွင် လပ်ကီးဆဲဗင်း ရုပ်ရှင်အတွက် ဒါရိုက်တာမိုက်တီး ရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်နှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သည့် 'စတိုင်' ဟာသနှင့် အချစ်ဇာတ်ကားသစ် ရုံတင်မည်ဖြစ်သည်။

(ကြေးမုံ)

☆ **အမျိုးသားညီလာခံမှ**

ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြပြီး စာတမ်းပြုစုရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်ဇနာရီတွင် ဆွေးနွေးပွဲခန်းမ (၈)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ ဦးအောင်ခမ်းထိ၊ ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီလုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့တက်ရောက်ကြပြီး အကြံပြုစာတမ်း ပြုစုရေးသားရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ကျင်းပ

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။

(သတင်းစဉ်)

ယူရို-၂၀၀၄ စာစောင်ထုတ်ဝေ

ရန်ကုန် ဇွန် ၁၀

၂၀၀၄ခုနှစ် ဇွန်လတွင် ပေါ်တူဂီနိုင်ငံ၌ ကျင်းပမည့် Euro 2004 ဘောလုံးပြိုင်ပွဲအတွက် Professional ဂျာနယ်တိုက်၏ အထူးအစီအစဉ်အဖြစ် "ယူရို-၂၀၀၄ နည်းဗျူဟာ အစွမ်းပြပွဲ" စာစောင်ကို ထုတ်ဝေလိုက်သည်။ **(အောက်ပုံ)**

အဆိုပါစာစောင်တွင် Euro 2004 ဘောလုံးပြိုင်ပွဲ အသင်း(၁၆)သင်း၏ တစ်သင်းချင်းစီ၏ အခြေအနေ၊ ကစားကွက်၊ အားသာချက်၊ အားနည်းချက်၊ အလားအလာ၊ အုပ်စုအဆင့်ပွဲများ သုံးသပ်ချက် စသည့် သုံးသပ်ဆင်ခြင်ဖွယ် ဘောလုံးသတင်းအစုံ၊ ပွဲစဉ်ဇယားများနှင့် မှတ်တမ်းများကို အုပ်စုအလိုက် ဖော်ပြထားသည်။

ယင်း "ယူရို-၂၀၀၄ နည်းဗျူဟာ အစွမ်းပြပွဲ"စာစောင်ကို Professional ဂျာနယ်တိုက် ဖုန်း-၆၄၀၂၆၀က ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ဗိုလ်လုပွဲတက် ပို့ဆောင်ရေးကို နှစ်ဂိုးပြတ်ဖြင့်နိုင်

ရန်ကုန် ဇွန် ၁၀

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်ပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်း- နှစ်ဂိုး။
(ကျော်သူရနှင့် ထွန်းထွန်းဝင်း)
ပို့ဆောင်ရေး(က)အသင်း- ဂိုးမရှိ။
အကောင်းဆုံးဆု- ကျော်သူရ (ဘဏ္ဍာ/အခွန်)။
ဒိုင်လူကြီး- ဦးဝင်းဦး။

ဘဏ္ဍာ/အခွန်အသင်းရော ပို့ဆောင်ရေး(က)အသင်းပါ ဗိုလ်လုပွဲသို့တက်ရောက်ရေးအတွက် ကစားကွက်မိမိအချိတ်အဆက်မိမိဖြင့် ယှဉ်ပြိုင်ကစားကြသော်လည်း လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်က ပညာသမ္ဘာ သာလွန်သဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန် ထိုးဖောက်ကာ ဂိုးရရှိရေး ကြိုးစားကြသည်။ ပို့ဆောင်ရေး(က)အသင်းက ဘဏ္ဍာ/အခွန်၏ ကစားကွက်ကို အန်တုကာ ဂိုးရရှိရေးကြိုးစားသလို ဘဏ္ဍာ/အခွန်အသင်းကလည်း အသင်းကြီးပီပီ ပွဲကို ထိန်းကစားရင်း ဂိုးရရှိရေး မနားတမ်းတိုက်စစ်ဆင်ကစားခဲ့သည်။ ၁၈ မိနစ်တွင် အောင်ဟိန်းလတ်က ပို့ဆောင်ရေးနောက်ခံလူကို လိမ်ခေါက်ပြီး ဂိုးရှေ့ဖြတ်ပို့ရာ ကျော်သူရက ပြေးပိတ်လိုက်၍ ဘဏ္ဍာ/အခွန်အသင်း ဖွေဆော်ဦးဂိုး စတင်ရရှိသွားသည်။

ဦးဆောင်နေ

ဆက်တိုက်ဆိုသလို ဘဏ္ဍာ/အခွန်က ဖိကစားရာ ပထမပိုင်း ပြီးခါနီး တစ်မိနစ်အလိုတွင် ထွန်းထွန်းဝင်းက အဝေးမှ အမှတ်မထင် ကန်သွင်းလိုက်၍ ဘဏ္ဍာ/အခွန်အသင်း ဒုတိယဂိုးရရှိကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဂိုးသွင်းဟန်

ပို့ဆောင်ရေးနောက်ခံလူများ ကာကွယ်သည့်ကြားမှ ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ဇော်ထိုက်၏ ဂိုးသွင်းဟန်။ (ကြေးမုံ)

အနိုင်ရရှိ

ဒုတိယပိုင်း အစတွင် ပို့ဆောင်ရေး(က)က ချေပဂိုးရရှိရေး ကစားအားမြှင့်တင်လာသည်။ ပို့ဆောင်ရေး(က)ချေပဂိုးရလုဆဲဆဲ အခြေအနေများရှိခဲ့သော်လည်း ဂိုးမရ၍ နစ်နာခဲ့ရသည်။ ပွဲချိန်ကြာလာသည်နှင့်အမျှဘဏ္ဍာ/အခွန်က ပွဲကို ပြန်လည်စိုးမိုးလာသည်။ ပွဲပြီးခါနီးတွင် အသင်းခေါင်းဆောင် စိုးမြတ်မင်း ပို့ဆောင်ရေး(က)နောက်ခံလူများကို လိမ်ခေါက်ပြီးဂိုးရှေ့တင်ပေးရာ မျိုးလှိုင်ဝင်းက တစ်ချက်ထိန်းပြီး မနားတမ်းကန်သွင်းလိုက်ရာ ဂိုးဘားပေါ်မှ ကပ်၍ကျော်သွား၍ ဘဏ္ဍာ/အခွန် တတိယဂိုးနှင့်ဝေးကာ ပွဲအပြီးတွင် နှစ်ဂိုးအသာဖြင့်သာ အနိုင်ရရှိခဲ့ခြင်းသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ပွဲအစ၌ လူငယ်ကစားသမားများကို ပွဲထုတ်ခဲ့ပြီး ဒုတိယပိုင်းကျမှ လူဟောင်းကြီးများဖြစ်သည့် မျိုးလှိုင်ဝင်း၊ သန်းဝေနှင့် မင်းမင်းအောင်တို့ကို ထည့်သွင်းကစားခဲ့သည်။ အသင်း၏ အမာခံကစားသမားများဖြစ်သည့် အောင်အောင်ဦး(ဂိုး)နှင့် လွင်ဦးတို့မှာ ဒဏ်ရာရနေ၍ ဝင်ရောက်ကစားခြင်း မရှိချေ။

ဗိုလ်လုပွဲ

ဇွန်၁၄ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲအဖြစ်လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

❍ **အိမ်ရှင်အသင်းမှ**

ယူရို-၂၀၀၄ပြိုင်ပွဲအတွက်ဆန်ခါတင်အသင်း ၁၆သင်းရရှိဖို့အတွက် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၂ နိုင်ငံကို ငါးသင်းအုပ်စုရှစ်ခု၊ ခြောက်သင်းအုပ်စုနှစ်ခုခွဲ၍ ၂၀၀၂ ခုနှစ်နောက်ပိုင်းမှ စတင်၍ ခြေစစ်ပွဲများ ကစားစေခဲ့သည်။ အချို့အုပ်စုများမှ ဒုတိယအမှတ်အများဆုံးရသော အသင်းများကို အဆုံးအဖြတ်ခြေစစ်ပွဲကစားစေပြီး ထပ်မံရွေးချယ်ခဲ့သည်။ တစ်နှစ်ကျော်ခြေစစ်ပွဲကစားပြီးနောက် အသင်း ၁၆သင်းပေါ်ထွက်လာသည်။

ဆန်ခါတင်ရွေးချယ်ခံရသောအသင်း ၁၆သင်းမှာပေါ်တူဂီ၊ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျာမနီ၊ အင်္ဂလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ ဟော်လန်၊ ချက်၊ ဘူဂေးရီးယား၊ ခရိုအေးရှား၊ ဆွစ်ဇာလန်၊ လတ်ဗီးယား၊ ရုရှား၊ ဂရိတို့ဖြစ်သည်။ ၎င်း ၁၆သင်းကို အုပ်စုလေးစုခွဲ၍ ကျင်းပသွားရန် စီစဉ်ထားသည်။

အုပ်စု (က)တွင် ပေါ်တူဂီ၊ စပိန်၊ ရုရှား၊ ဂရိ အုပ်စု (ခ)၌ ပြင်သစ်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆွစ်ဇာလန်၊ အုပ်စု (ဂ)တွင် အီတလီ၊ ဒိန်းမတ်၊ ဘူဂေးရီးယား၊ ဆွီဒင် အုပ်စု (ဃ)တွင် ဂျာမနီ၊ ဟော်လန်၊ ချက်၊ လတ်ဗီးယားတို့ပါဝင်ကြသည်။

ယူရိုဘောလုံးပြိုင်ပွဲ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း (၄၄)နှစ်ရှိပြီဖြစ်သည်။ (၁၂)ကြိမ် ကျင်းပပြီးစီးခဲ့ပြီ။ ၁၉၆၀ပြည့်နှစ်ပထမဦးဆုံးစတင်ကျင်းပသော ပြင်သစ်ပြိုင်ပွဲတွင် ဆိုဗီယက်ပြည်ထောင်စုက ဗိုလ်စွဲခဲ့သည်။ ၁၉၆၄ ခုနှစ် စပိန်နိုင်ငံတွင် ကျင်းပသော ဒုတိယအကြိမ်၌ စပိန်အသင်းက ချန်ပီယံဖြစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် အီတလီပြိုင်ပွဲတွင် အီတလီရသည်။ ၁၉၇၂ ခုနှစ် ဘယ်လ်ဂျီယံပြိုင်ပွဲမှာ အနောက်ဂျာမနီဗိုလ်စွဲသည်။ ၁၉၇၆ ခုနှစ် ယူဂိုဆလားဗီးယားတွင် ချက်အသင်း ဗိုလ်စွဲသည်။ ၁၉၈၀ ပြည့်နှစ် အီတလီပြိုင်ပွဲတွင် အနောက်ဂျာမနီ ဒုတိယအကြိမ် ဗိုလ်စွဲသည်။ ၁၉၈၄ ခုနှစ် ပြင်သစ်ပြိုင်ပွဲတွင် အိမ်ရှင်ပြင်သစ်အသင်း ပထမဦးဆုံးအကြိမ် ချန်ပီယံဖြစ်လာသည်။ ၁၉၈၈ခုနှစ် အနောက်ဂျာမနီပြိုင်ပွဲတွင် ဟော်လန်အသင်း ဗိုလ်စွဲသည်။၁၉၉၂ခုနှစ် ဆွီဒင်ပြိုင်ပွဲတွင် ဒိန်းမတ်ဗိုလ်စွဲသည်။ ၁၉၉၆ ခုနှစ် အင်္ဂလန်ပြိုင်ပွဲမှာ ဂျာမနီ သုံးထပ်ကွမ်းချန်ပီယံဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဘယ်လ်ဂျီယံနှင့် ဟော်လန်ပြိုင်ပွဲတွင် ပြင်သစ်အသင်းဒုတိယအကြိမ် ချန်ပီယံဖြစ်သည်။

ပြိုင်ပွဲတစ်လျှောက် ချန်ပီယံအများဆုံးဖြစ်သောအသင်းမှာ ဂျာမနီဟုဆိုနိုင်သည်။ ဂျာမနီတစ်နိုင်ငံတည်းအဖြစ် မပူးပေါင်းမီအချိန်က အနောက်ဂျာမနီက နှစ်ကြိမ်ဆွတ်ခူးခဲ့ပြီး ဂျာမနီနိုင်ငံ တစ်ခုတည်းဖြစ်သည့် အချိန်မှာနောက် ထပ်တစ်ကြိမ် ထပ်မံဗိုလ်စွဲခဲ့သည်။ သို့ဖြစ်၍ ဂျာမနီနိုင်ငံသည် ယူရိုပြိုင်ပွဲတွင် သုံးကြိမ် ချန်ပီယံဖြစ်သည်ဟု သတ်မှတ်လျှင်လည်း သတ်မှတ်၍ ရနိုင်ပေသည်။

ဒုတိယချန်ပီယံဆု အများဆုံးရရှိသောအသင်းမှာ ပြင်သစ်ဖြစ်သည်။ ဆိုဗီယက်၊ စပိန်၊ အီတလီ၊ ချက်၊ ဟော်လန်၊ ဒိန်းမတ် တစ်ကြိမ်စီသာ ဗိုလ်စွဲခဲ့ဖူးကြသည်။

၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသော အသင်းများမှာ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီ၊ အင်္ဂလန်၊ ဟော်လန်တို့ဖြစ်သည်။ ရေပန်းစားနေသော အသင်းများထဲ၌ ချန်ပီယံသုံးကြိမ်ရထားသော ဂျာမနီအသင်း မပါဝင်သည်ကိုတွေ့ရသည်။ တစ်ကြိမ်မှဗိုလ်မစွဲခဲ့သော အင်္ဂလန်ပါဝင်လာသည်မှာ အံ့သြစရာကောင်းသလို စဉ်းစားစရာလည်းဖြစ်သည်။

ယူရို-၂၀၀၄ ပြိုင်ပွဲတွင် ရေပန်းမစားသော်လည်း အကြိုဗိုလ်လုပွဲတက်နိုင်ခြေရှိသည့် ဂျာမနီအသင်းမှ ကွင်းလယ် ကစားသမား မိုက်ကယ် ဘောလက်(ဘေယန်မြူးနစ်)။

အမှန်တကယ်တော့ ဂျာမနီသည် ဥရောပတွင် ဘောလုံးအင်အားကြီးမားသော အသင်းတစ်သင်း ဖြစ်သည်။ သို့သော် ကမ္ဘာတစ်လွှားမှ ဘောလုံးပရိသတ်များနှင့် သုတေသီတို့က ဂျာမနီကို လျှော့တွက်လေ့ရှိကြသည်။ မီဒီယာ၏အခန်းကဏ္ဍတွင်လည်း ထင်ထင်ပေါ်ပေါ် ထိုးထွက်လာအောင် အရေးပေးမခံရဘဲ ချန်လှပ်ထားခံရလေ့ရှိသည်။ ဂျာမနီသည် ယူရိုပြိုင်ပွဲတွင်သာမဟုတ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သမိုင်းအစဉ်အလာရှိသော အသင်းဖြစ်သည်။ အနောက်ဂျာမနီအနေဖြင့် ဂျာမနီသည် ကမ္ဘာ့ဖလားကို သုံးကြိမ်ရရှိခဲ့ဖူးသည်။ ဖိုင်နယ်ကို ခုနစ်ကြိမ်ရောက်ခဲ့သောအသင်း ဖြစ်သည်။ ဘရာဇီးပြီးလျှင် ဒုတိယအစဉ်အလာကြီးသော အသင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းကို ဗိုလ်လုပွဲသို့ ရောက်လိမ့်မည်ဟု ကမ္ဘာ့ဘောလုံး သုတေသီများနှင့် ပညာရှင်များ ထည့်မတွက်ဘဲ ချန်လှပ်ခဲ့ကြသည်။ သို့သော် ဂျာမနီသည် ကမ္ဘာ့ဖလားတွင် ဗိုလ်လုပွဲသို့ ရောက်ခဲ့သည်။

တစ်ဖန် အုပ်စုဖွဲ့စည်းထားပုံကို လေ့လာကြည့်လျှင် ဂျာမနီအသင်းက အင်္ဂလန်ထက် ရေပန်းစားသင့်သော အသင်းများထဲမှာ ပို၍ ပါဝင်သင့်ပေသည်။အင်္ဂလန်အသင်းသည် အမြဲတမ်းကံဆိုးလေ့ရှိသော အသင်းဖြစ်သလို ဘောလုံးအဆင့်အတန်းနှင့် ယှဉ်ကြည့်လျှင်လည်း အခြားဥရောပနိုင်ငံများလောက် မမြင့်မားသေးဘဲ ရှိသည်။ မည်သို့ပင်ဖြစ်စေ အင်္ဂလန်သည် ကမ္ဘာ့ဘောလုံးသုတေသီနှင့် ပရိသတ်များ၏ကြားတွင်အမြဲတမ်းအမှတ်ရ ရေပန်းစားနေသော အသင်းဖြစ်သည်။ အင်္ဂလန်သည် ကမ္ဘာ့ဖလားတွင် မရဏအုပ်စုတွင် ပါဝင်ခဲ့ရသလို ယခုပွဲတွင်လည်း အုပ်စုကျပ်ထဲတွင် ရောက်နေသည်။ သူ့အုပ်စုတွင် ခရိုအေးရှား၊ ပြင်သစ်၊ ဆွစ်ဇာလန်တို့ပါသည်။ ယခုပြိုင်ပွဲတွင် အိမ်ရှင်ပေါ်တူဂီအသင်းအနေဖြင့် ချန်ပီယံဖြစ်ရန် အလားအလာ အကောင်းဆုံးဟု ရှုမြင်သုံးသပ်ထားသည်။ ယူရိုပြိုင်ပွဲမှာ အိမ်ရှင်အသင်းများ ချန်ပီယံဖြစ်ခဲ့သော အစဉ်အလာ ရှိခဲ့ဖူးသည်။ ထို့အပြင် ကျန်ခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲတုန်းကလည်း ပေါ်တူဂီကလပ်အသင်းတစ်သင်းဖြစ်သည့် ပေါ်တိုအသင်း ဗိုလ်စွဲခဲ့သည်မှာ ထည့်သွင်းစဉ်းစားသင့်သော အချက်တစ်ချက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲသည်မထင်မှတ်ဖွယ်ရာ အခြေအနေများ ဖြစ်ပေါ်လာဖွယ်မရှိဟု လေ့လာသုံးသပ်မိသည်။ ပရိသတ်နှင့် ကမ္ဘာ့ဘောလုံးသုတေသီတို့ တွက်ချက်မျှော်လင့်ထားသောအသင်းများ တက်လာနိုင်သည်။ အိမ်ရှင်ပေါ်တူဂီနှင့် ဂျာမနီတို့၏ အခန်းကဏ္ဍကိုလည်း အခြားရေပန်းစားသော အသင်းများထက် ပိုမိုအလေးထား စဉ်းစားသင့်ပေသည်။ အမျိုးသားလက်ရွေးစင်အသင်းဟူသော စိတ်ဓာတ်ပြင်းထန်ခြင်းနှင့် အနိုင်ရလိုစိတ်ပြင်းထန်သော အသင်းများသာ ချန်ပီယံဖြစ်ရန် သေချာသလောက်ရှိပေသည်။ ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဇွန်လအတွက်

(၁၃-၆-၂၀၀၄)ရက်

နှင့်

(၂၇-၆-၂၀၀၄)ရက်

မြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကိုဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1) Radio Studio Digitalization	(1) Lot
(2) 1. KW TV TX	(1) Set

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန e-Government ထူထောင်ရန်လိုအပ်သော Computer စက်ပစ္စည်းများ

(1) Web Authoring & Publishing PC c/w Software	(2) Nos
(2) A4 Scanner	(1) No
(3) A4 Laser Printer	(1) No
(4) Networking Equipment (Network Switch, Work cable, Connectors & Accessories)	(1) No
(5) Un-Interruptible Power Supply (2KVA)	(2) Nos
(6) Virus Protection Software	(1) No

(ဂ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁) ကြွေစက္ကူ(အပါး)	၅ တန်
(၂) ကြွေစက္ကူ(အထူ)	၅ တန်
(၃) ကရမ်းကုတ်ကတ်	၅ တန်
(၄) Agfa Film (22"x 32")(အနည်းဆုံး)	၂၀ ထုပ်
(၅) Rubber Blanket	၁၀၀ ချပ်
(၆) Damping Roller Hose	၆၀ လိပ်
(၇) Riso Master Roll	၁၀၀ လိပ်
(၈) Riso lnk	၁၀၀ ခု
(၉) Stitching Wire	၂၀၀၀ ကွိုင်
(၁၀) Binding Cloth	၁၀၀၀ မီတာ

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

1. Fixer(Ortho Film)	80 ထုပ်
2. Fixer(Agfa Film)	90 ဘူး
3. Agfa Developer	30 ပုလင်း
4. Roll Film	2250 လိပ်
5. Toner 1215	160 boxes
6. Gum Arabic	1000 Kgs
7. Cello Tape(Red)	1000 Rolls
8. Cello Tape(White)	1500 Rolls
9. Copier Toner(7118)	80 boxes
10. Rubber Blanket T-Bar	128 Shts
11. Rubber Blanket(Roll)	1040 inches
12. Gestetner ink Tube	440 Nos

၂။ တင်ဒါပေးသွင်းမှုကို (၁၈–၆–၂၀၀၄)ရက် (၁၆း၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ပခုက္ကူမြို့၊ စံပြကမ္ဘ၊ လက်ပြရပ်နေ ဦးသိန်းဦး (မြို့နယ်သမဦးစီးမှူး–ငြိမ်း) – ဒေါ်မြင့်မြင့်သန်း(အမက–၂၅၊ လက်ပြ)တို့၏ သားကြီး
မောင်ကျော်သူရ (B.Sc., Zoology)
(ကျွန်တော်တို့အားမာန် အဆင့်မြင့်ပညာရေးဝန်ဆောင်မှု)
နှင့်
ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ စံပယ်လမ်း၊ အမှတ်(၈)နေ ဦးတင်ရှိန်(Assistant Junior Engineer) – ဒေါ်စောကြည်တို့၏ သမီးကြီး
မနွယ်နွယ်ရှိန် (B.Sc Maths; UFL. Eng;)
Seameo - Chat (Eng;)˚˚Our Might And Strength (Educational Service)
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီ ခွင့်ပြုချက်အရ ၁၀–၆–၂၀၀၄(ကြာသပတေးနေ့)တွင် ပဲခူးတိုင်းဥပဒေရုံး တိုင်းဥပဒေအရာရှိ ဦးဟန်ညွှန့်နှင့် အသိသက်သေများ၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာလက်မှတ် ရေးထိုးပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သူရ–မနွယ်နွယ်ရှိန်။**

ရှာရန်ရာနှုန်း(၆၀)

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။

၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေး တရားတော်ကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက ဇွန် ၁၅ရက်မှ ၂၄ရက်ထိ၊ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ အမှတ်(၂၉) ဒုတိယလွှာ၊ စမ်းချောင်းမြို့နယ်တွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင် ကြောင်း သိရသည်။

(က–ပ)

2A/C +D-Ph

706677, 249118, 09-99-26131

Messenger (Language Centre)

Proficiency Class — Business English
Spoken English — Exam-Preparation Courses
Writing Skills — Academic English

FAME TINOFLAM®

ဆင်တုံးမနွယ်အရောင်ကျဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် နယ်စပ်ဒေသများတွင် တပ်ဆင် အသုံးပြုရန်အတွက် လိုအပ်သော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

(၁) နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
- (က) 10. W TV Transmitter Comprising.
- (ခ) 50. W TV Transmitter Comprising.
- (ဂ) 100. W TV Transmitter Comprising.
- (ဃ) 10. W TV Transmitter Without Tower.

(၂) တင်ဒါပေးသွင်းမှုကို ၁၄–၆–၂၀၀၄ရက်မှ ၂၅–၆–၂၀၀၄ရက်နေ့ ညနေ (၄း၃၀)နာရီအတွင်း ပေးသွင်းရန်နှင့် တင်ဒါပုံစံနှင့် လိုအပ်သော အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များဝယ်ယူရေးကော်မတီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်
စည်ပင်သာယာရေးဝန်ကြီးဌာန
ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၃၇၀၈၉၈။

Y.E.S.

Basic Spoken English — JUNE -14, 21,26
Pre-Intermediate English — JUNE - 14,21,26
SAT (I), Intermediate English — JUNE - 1, 26
Vocabulary Enrichment Course — JUNE-14
Grammar Foundation Course — JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II) / AE
No.118, YWCA Building, Bogalayzay Street, Botataung TSP.
- 245821

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

MOTHER LAND

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား) ဆိုင်ခန်းများငှားရမ်းရန် ကျိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား) ကျောင်းဝင်းအတွင်း၌ရှိသောဆိုင်ခန်းများနှင့် မိတ္တူကူးဆိုင်ခန်းများအား ငှားရမ်းရန် ကျိတ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

၂။ ကျိတ်ပိတ်တင်ဒါကို (၁၈–၆–၂၀၀၄) ညနေ (၄) နာရီတိတိတွင် နောက်ဆုံးထားတင်သွင်းရပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား) စီမံရေးရာဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အမည်ပြောင်းခြင်း

မြောက်ဦးမြို့ အထက ဆဋ္ဌမတန်း(A)မှ မမီမီပြုံးအား ယနေ့မှစ၍ မချိုဇင်သက်ဟု ပြောင်းလဲခေါ်ပါရန်။

မချိုဇင်သက်။

အမည်ပြောင်းခြင်း

ဦးကြည်တိုး၏ သမီးနှင့် သားဖြစ်သော ဟင်္သာတမြို့၊ အလက(၃) အဋ္ဌမတန်း(က)မှ မဖြူနှင်းသက်ပိုင်တိုးအား မမြတ်ဆုသွယ်ဟုလည်းကောင်း၊ ဆဋ္ဌမတန်း(က)မှ မောင်ဖုန်းထက်ကျော်အား မောင်မြတ်မင်းကျော်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မမြတ်ဆုသွယ်၊ မောင်မြတ်မင်းကျော်။

NAING Group Construction Co.,Ltd.

- Shop House
- (R:C)

ကိန္နရီ အရည်အသွေး စံချိန်မီ ကိန္နရီလုံချည်

ဆေးဆိုးအာမခံ

အသားတိုးကြက်ပေါက် Broiler (D.O.C) ဝယ်ယူသူများအတွက်သတင်းကောင်း

ကျွန်တော်များ Green Nine Stars Enterprise မှ အသားတိုးကြက်ပေါက် (Broiler D.O.C) များကို June, July, Aug လများအတွင်း ဝယ်ယူသူများ အား အထူးအစီအစဉ်အနေဖြင့် အောက်ပါအခွင့်အရေးများကို ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို 1 Kg အားဆေးဗူးတစ်ဗူး (သို့) ကာကွယ်ဆေး (၃) လုံး (ND + IB, IBD, Lasota) အတွက် လက်ဆောင်ပေးပါမည်။
- ကြက်ပေါက်အကောင် (၁၀၀၀) ဝယ်ယူသူတိုင်းကို မေတ္တာလက်ဆောင်အဖြစ် အပိုအကောင်ရေ (၄၀) ပေးပါမည်။ ● ကြက်ခြံအရောက်အခမဲ့ပို့ပေးပါမည်။
- ကြက်ပေါက်များကို အပတ်စဉ်အင်္ဂါနေ့နှင့် စနေနေ့တို့တွင် တစ်ကောင်လျှင် (၃၀၀) ကျပ်နှုန်းဖြင့် ရောင်းချပေးနေပါပြီ။

အမှတ် (၂၄၆)၊ ၂၉ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 242047, 370537, 370538, Fax : 251400, H.P : 09-80-21059, 09-80-23377

ထိန်ကုန်းကျော်တံတား တည်ဆောက်မှုကြည့်ရှုစစ်ဆေး မြို့ပြနှင့် ကျေးလက်ဒေသ လွယ်ကူစွာ ဆက်သွယ်နိုင်

ဟင်္သာတ ဇွန် ၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့သည် ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အတူ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်စည်းရုံးဆောင်ရွက်ခဲ့သည့် ထိန်ကုန်းကျော်တံတား တည်ဆောက်နေခြင်းကို ဇွန် ၃ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထို့နောက် ထိန်ကုန်းကျော်တံတား တည်ဆောက်မှုနှင့် ပတ်သက်၍ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာသိန်းစိုးနှင့်ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့က ရှင်းလင်းပြသကြသည်။

သွားလာနိုင်

ထိုတံတားပြီးစီးပါက ကျေးရွာအုပ်စုလေးစုနှင့် ကျေးရွာ ၁၈ ရွာမှ ပြည်သူ ၂၁၁၂၀ဦးတို့ ယုံသလင်းမှ ဟင်္သာတမြို့သို့ လွယ်ကူစွာ သွားလာနိုင်မည့် မြို့ပြနှင့် ကျေးလက် ဆက်သွယ်သောတံတားဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စက္ကူစက်ရုံဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ချီးမြှင့်

သိမ်ဇရပ် ဇွန် ၅

ကျိုက်ထိုမြို့နယ် စစ်တောင်း စက္ကူစက်ရုံ ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီက စစ်တောင်းစက္ကူစက် အားကစားရုံတွင် ကျင်းပရာ စက်ရုံမှူးနှင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်တောင်း အမှတ်(၁)စက္ကူစက်ရုံ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၉၆၄ ဦးအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေ ကျပ် ၁၅၅၈၉၀၀ ကို ဝန်ထမ်းမိဘများအား အသီးသီးပေးအပ်ချီးမြှင့်သည်။ (၃၄၅)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲ ကျင်းပ

ဒေးဒရဲ ဇွန် ၃

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက်က ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အေးက ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်စိုးက ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများအကြောင်း ကျန်းမာရေးပညာပေး ဟောပြောသည်ဟု သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကြေးမုံ

မြို့နယ်သတင်းများ

မေ ၃ ရက်က မိုးညှင်းမြို့နယ် မြို့မဈေးကြီးအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူးဦးသန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့မစည်ပင်သာယာဈေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ဈေးသူ၊ ဈေးသားများ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။

(ပြည်နယ်စည်ပင်)

ကဝမြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့်

ကဝ ဇွန် ၆

ကဝမြို့နယ် မိုးဂနိမ်းကျေးရွာတွင် အလှူရှင် လှူဒါန်းငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော နှစ်လက်မ အဝီစိတွင်း တူးဖော်ပြီးစီးမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့် အဖွဲ့က ဇွန် ၅ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြကြသည်။ (၃၇၀)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင်ရုံး၏ စီစဉ်မှုဖြင့် တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာအုပ်စု ရွှေညီလာခန်းမ၌ မေ ၂၉ ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ ပညာပေးဗီဒီယိုဓာတ်လမ်းများပြပွဲ ဖွင့်ပွဲကျင်းပရာတောင်ကြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ကုန်းသလင်းကျေးရွာ စက်ရေတွင်းဖွင့်

ပြည် မေ ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်းသလင်းကျေးရွာအုပ်စု ကုန်းသလင်းကျေးရွာတွင် ရန်ကုန်မြို့မှ ဒေါ်ကြူကြူဝင်း (သီရိရတနာဘောဂ)က လှူဒါန်းသည့် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ (၄၉၇)

စည်ပင်သာယာလုပ်ငန်း ကွင်းဆင်းကြည့်ရှု စံချိန်စံညွှန်းမီရေး ဆောင်ရွက်ရန် မှာကြား

တမူး မေ ၃၁

တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွန်းတို့သည် မေ ၂၈ ရက်တွင် တမူးမြို့ အလောင်းဘုရားလမ်းဘေး ဝဲ၊ ယာ၌ ကိုယ့်အားကိုယ်ကိုး ပလက်ဖောင်းနှင့် ရေမြောင်းတည်ဆောက်နေမှု အခြေအနေများနှင့် မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်က အလောင်းဘုရားလမ်းဘေး ဝဲ၊ ယာနေ အိမ်ရှင်များအား ကိုယ့်အားကိုယ်ကိုး ပလက်ဖောင်း ပြုလုပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် မြို့တွင်းရေနုတ်မြောင်းများ ရေစီးဆင်းမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

မှာကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆောင်ရွက်လျက်ရှိသော ပလက်ဖောင်းလုပ်ငန်းနှင့် ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းမီရေး ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများကောင်းမွန်ရေးအတွက် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

(မြို့နယ်စည်ပင်)

ဖွင့်လှစ်

စစ်ကိုင်းတိုင်း ကသာမြို့နယ် မိုးတားကြီး ကျေးရွာအုပ်စု ဝက်ခါက်ကျေးရွာတွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်က ကျင်းပစဉ်။ (က-ပ)

ကျောင်းနေရေး ဆိုင်းဘုတ်တင်

ကြို့ပင်ကောက် ဇွန် ၃

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်တွင် မေ ၂၄ ရက်က ကျောင်းနေအရွယ်ကလေး ကျောင်းနေရေး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အရှေ့ဘက် ဘုရားကြီးလမ်းထောင့်တွင် စိုက်ထူခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးကြူနှင့် လက်ထောက် ပညာရေးမှူးများ၊ အထက၊ အလက၊ အမက ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (၁၂၄)

၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မိုးကောင်း စံပြကျေးရွာတွင် အလှူရှင်စက်ရေတွင်း တူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။ (က-ပ)

မေ ၃၁ ရက်က ပုတောမြို့ မဂ္ဂင်လမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းကပ်တုံးများ ပြုလုပ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ငွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးအောင်ကိုကိုတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးပညာ သိကောင်းစရာဟောပြော

မတ္တရာ ဇွန် ၂

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တိုင်းရင်းဆေးဆရာများအဖွဲ့ တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ ဟောပြောပွဲများကို ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကျောက်တံတား ကျေးရွာအုပ်စု ရေနံ့သာကျေးရွာအုပ်စုနှင့် မတ္တရာမြို့ ဘုရင့်နောင်ခန်းမ၌ မေ ၂၃ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ မတ္တရာမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဦးစီးဌာနမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ (ဇဇ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် စာအုပ်မျိုးစုံနှင့် အလှူငွေများ လှူဒါန်း

ဂန့်ဂေါ ဇွန် ၃

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့ပြင် ဂန့်ဂေါမြို့နယ်ကျွဲနန်းကျေးရွာ မိတ်ဆွေစစ် စာကြည့်တိုက်ဖွင့်ပွဲ မေ ၁၈ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များကိုယ်စား ဦးလှအောင်က စာအုပ်မျိုးစုံ ၂၁၀ အုပ်နှင့် ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ် တစ်သောင်းခွဲကို စာကြည့်တိုက် တာဝန်ခံ ဦးဥာဏ်ထူးသို့ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့အတူ တောင်လယ်ရွာ စာခေတ်သစ်ဦး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၉ ရက်က ကျင်းပရာ အလှူရှင်များ ကိုယ်စား ဦးညိုခက စာကြည့်တိုက် တာဝန်ခံ ဦးမောင်ငွေးထံသို့ စာအုပ်မျိုးစုံ ၂၁၀ အုပ်နှင့် ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ် တစ်သောင်းခွဲ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၄၆၅)

အုတ်ဖိုမြို့နယ်၌ ကျေးလက် ရေရရှိရေးဆောင်ရွက် တုံကင်တွင်း ငါးတွင်း အောင်မြင်စွာ တူးဖော်ပြီးစီး

ပဲခူး ဇွန် ၉

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လေးတဲကျေးရွာ၌ တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း တူးဖော်ခြင်းကို ဇွန် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသည်။

တူးဖော်ပြီး

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း ရေရှားပါးသော ကျေးရွာကိုးရွာတွင် တုံကင်တွင်း ကိုးတွင်း တူးဖော်ပေးရန် လျာထားခဲ့ရာ ငါးတွင်းအောင်မြင်စွာ တူးဖော်ပြီးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

လှိုင်းဘွဲ့မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာသန်းထွန်းက 'ဆေးလိပ် ဆေးရွက် ရှောင်ကြဉ်မှု လူမှုဘဝ ချမ်းသာရ' ဆောင်ပုဒ်ကို ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

FUTURE STAR
QUALITY TRAINING CENTRE
26 (A), Yaw Min Gyi Rd,
Dagon Tsp, Yangon, Myanmar.
Tel : 710108, 379218, 381158
E-mail : fs-efl-ucles@mail4u.com.mm

UCLES မှ နိုင်ငံတကာအသိအမှတ်ပြု ESOL
(English for Speakers of other Languages)
Exams

Course Available for all ages
❑ KET, PET, FCE, CAE, CPE
❑ Starters, Movers, Flyers
❑ General English (Level I - V)
❑ Grammar Special Classes

OTHER REGULAR CLASSES (Kg - VIII)
❑ English language
❑ Grammar & Vocabulary Course(Level I - VI)
PRE SCHOOL (Age 3 - 5)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်

ဥပဒေပညာဌာန ရန်ကုန်တက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဥပဒေပညာဌာနမှကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။**သင်တန်းအမည်**– စီးပွားရေးလုပ်ငန်းဥပဒေလက်မှတ်ရသင်တန်း–အမှတ်စဉ်(၁၅) (Business Law Certificate Course-No-15)
၂။**သင်တန်းအောင်လက်မှတ်**–Certificate in Business Law (CBL)
၃။**သင်တန်းဝင်ခွင့်အရည်အချင်း**–တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
၄။**သင်တန်းကာလ**–(၃)လ
၅။**သင်တန်းဖွင့်မည့်နေ့ရက်**–၁၅–၆–၂၀၀၄(အင်္ဂါနေ့)
၆။**လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်**–၁၀–၆–၂၀၀၄(ကြာသပတေးနေ့)
၇။**လက်ခံမည့်နေရာ**– ဥပဒေပညာဌာန၊ အခန်းအမှတ်–၁၀၄၊ ရာမညဆောင်၊ ရန်ကုန်တက္ကသိုလ်။
၈။**စုံစမ်းရန်**–ဥပဒေပညာဌာန၊ ဖုန်း–၅၃၆၅၃၉၊ ရန်ကုန်တက္ကသိုလ်။
၉။**သင်တန်းချိန်**–နံနက် ၇း၀၀မှ ၉း၀၀နာရီ (တနင်္လာနေ့ မှ သောကြာနေ့)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်တက္ကသိုလ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်တက္ကသိုလ်)၏ အစီအစဉ်ဖြင့် သင်္ချာဌာနက ကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။**ဖွင့်လှစ်မည့်သင်တန်း**–Applied Computing Course 1/2004
၂။**သင်တန်းအောင်လက်မှတ်**–Certificate
၃။**ရှေ့ဆက်လက်တက်ရောက်နိုင်မည့်သင်တန်း**–Advanced Computing Course
၄။**သင်တန်းဝင်ခွင့်အရည်အချင်း**–တက္ကသိုလ်ဝင်တန်းအောင်
၅။**သင်တန်းကာလ**–(၆)လ
၆။**သင်တန်းစတင်ဖွင့်မည့်ရက်**–၂၀၀၄ခုနှစ်၊ ဇူလိုင်လ(၁)ရက်
၇။**စတင်လက်ခံမည့်ရက်**–၂၀၀၄ခုနှစ်၊ ဇွန်လ(၂၁)ရက်
၈။**ဆက်သွယ်ရန်လိပ်စာ**–အခန်း(S-104)သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်။
၉။အသေးစိတ်အချက်အလက်များကို သင်္ချာဌာန၊ ဖုန်း–၅၃၆၃၇၆ ရန်ကုန်တက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၂၄/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဇွန်လ ၃ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန (ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးပြည်သူ့ဆေးရုံကြီး)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လုပ်ငန်းအရာရှိ (ရူပဗေဒ)	မဟာသိပ္ပံဘွဲ့(ရူပဗေဒ) (သို့မဟုတ်) မဟာသိပ္ပံဘွဲ့(အင်ဂျင်နီယာ ရူပဗေဒ)	၂ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၆–၇–၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် –၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၄–၇–၂၀၀၄နေ့နှင့် ၂၅–၇–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂–၇–၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် –၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

Fantasy Home အထူးလျှော့စျေးနှုန်း
* ခန်းဆီးပိတ် + ခန်းဆီးလိုင်း (ဝန်ဆောင်မှုမပါ)
၂၊ (၆က) နတ်မောက်လမ်း၊ တာမွေ (၅၄၉၃၁၇)
(9:30 am - 5:00 pm) except Sunday

ငါးဖမ်းရေယာဉ် (၁)စင်း ရောင်းရန်ရှိသည်။
GT: 34.66 ON:4172 စက်ခွမ်း
၅၂၄၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊
ဖုန်း – ၂၁၀၂၄၉၊ ၂၂၅၅၄၄။

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ ဓာတ်နာ၊ အကျိတ်ဖြစ်သူများ
သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ ဂရင်ဂျိနာ အထူးကု

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောသားလေး မောင်ကောင်းခံ့ဝင်း၏ (၁၀–၆–၂၀၀၄) ရက်နေ့တွင် ကျရောက်ခဲ့သည့် (၁)နှစ်ပြည့် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး အသိဉာဏ်၊ အလိမ္မာနှင့် ပြည့်စုံ၍ ထူးချွန်ထက်မြက်သည့် သားကောင်း ရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

ဘဘ – ဦးစိုးမြင့်
(အီဂျစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)
မေကြီး – ဒေါ်စဝ်သီတာ

မွေးနေ့ဆုတောင်း

တူလေး မောင်ကောင်းခံ့ဝင်း၏(၁၀–၆–၂၀၀၄) ရက်နေ့တွင် ကျရောက်ခဲ့သည့် (၁)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပြီး ပညာရေး၊ စီးပွားရေး လုပ်ငန်းများတွင် ထူးချွန်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် သားကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ချစ်သော ဦးဦး၊ ဒေါ်ဒေါ်များ။

မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၂၀၂)နေ
(ဦးစံသိန်း)(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန)– ဒေါ်ခင်သန်းညွန့်(အထပြ၊ ငြိမ်း)တို့၏သား

မောင်တေဇော်လင်း A.G.T.I(Civil), B.A(History), Q(Credit)
အကြီးတန်းအင်ဂျင်နီယာ၊ တော်ဝင်မိသားစုကုမ္ပဏီ
နှင့်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၄၃)နေ
ဦးအမိုင်း(စိုးထွန်းပလတ်စတစ်လုပ်ငန်း)–ဒေါ်ခင်စန်းတို့၏သမီးကြီး

မကြည်ကြည်ထိုက် (ခ) မိုးမိုး

တို့၏ ၁၀–၆–၂၀၀၄ရက်(ကြာသပတေးနေ့)တွင် တိပိဋကကျောင်းတော်ကြီး၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တေဇော်လင်း–မကြည်ကြည်ထိုက် (ခ) မိုးမိုး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၂၅/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇွန်လ ၃ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဌာနခွဲမှူး(စီမံရေး)	မြို့ပြအင်ဂျင်နီယာဘွဲ့	၂ နေရာ
(ခ)	ဌာနခွဲမှူး(စီမံရေး)	စက်မှုအင်ဂျင်နီယာဘွဲ့	၁ နေရာ
(ဂ)	ဌာနခွဲမှူး(စီမံရေး)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၆–၇–၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်–၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၇–၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၄–၇–၂၀၀၄နေ့နှင့် ၂၅–၇–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂–၇–၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အနေခံဆန့် Sunshade
လင်းပိုမှ အရန့်ဆန့် Sunshade များ
Linpo Co.,Ltd
17 A, Kabaraye Pagoda Rd. Bahan T/S
☎-543816, 545883,09-80-22250

ဆက်သွယ်ရေးတပ်ဖွဲ့စစ်သည်များ အလိုရှိသည်

၁။ **အောက်ပါပညာရပ်များ တတ်ကျွမ်းလိုလျှင် ဆက်သွယ်ရေးတပ်ဖွဲ့သို့ဝင်ပါ–**

သင်ကြားပေးမည့်ပညာရပ်များ	လိုအပ်သည့်ပညာအရည်အချင်း
(က) အီလက်ထရွန်နစ်ပညာ (ခ) ကွန်ပျူတာအော်ပရေတာပညာ (ဂ) ရုံးစာရေးပညာ	အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ
(ဃ) ဒေတာအော်ပရေတာပညာ (င) ရေဒီယိုအော်ပရေတာပညာ (စ) ရေဒီယိုပြင်ပညာ (ဆ) လိုင်းပြင်ပညာ (ဇ) ဖစ်တာ(ဆက်သွယ်ရေး)ပညာ (ဈ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ည) မော်တော်ဆိုင်ကယ်စီးပညာ (ဋ) မော်တော်ယာဉ်မောင်းပညာ (ဌ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ

၂။ ရွေးချယ်ခြင်းခံရပါက
(က)အပိုဒ်(၁)၊ (က)၊ (ခ)၊ (ဂ)ပညာသည်များသည် သက်ဆိုင်ရာသင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။
(ခ)ပညာသည်များအနက်မှ အခြေခံပညာအထက်တန်း အောင်မြင်သူများသည် သက်ဆိုင်ရာသင်တန်းအောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့်မှ စတင်ခန့်ထားပြီး အရည်အချင်းစစ်စာမေးပွဲများ အောင်မြင်ပါက အရာခံဗိုလ်အဆင့်ထိ ခန့်အပ်ခြင်းခံရမည်။
(ဂ)သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းကို လျှောက်ထားခွင့်ပြုမည်။

၃။ ပညာရပ်ဆိုင်ရာသင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက မိမိနေထိုင်လိုသော မြို့/ရွာနှင့်နီးသည့် ဆက်သွယ်ရေးတပ်ရင်း/ တပ်/ တပ်ခွဲများတွင် တာဝန်ချထားပေးမည်။

၄။ တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းလိုသူများသည် နီးစပ်ရာဆက်သွယ်ရေးတပ်များတွင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန။

MAA Professional Training Centre
Specialist in Business, Accounting & Finance
Attention : 10th Standard, LCCI, Diploma, Degree Holder
CAT Certified Accounting Technician
ACCA The Association of Chartered Certified Accountants
STARTING DATE 27 JUNE 2004
Approved Computer Based Exam Centre for ACCA & CAT

အမည်ပြောင်းခြင်း

ဦးဇော်ဝင်း၏သမီး အထက(၁)၊ မြောင်းမြ၊ စတုတ္ထတန်း(က)မှ မထက်ထက်ဇော်အား မဝါဝါမေဦးဟု ပြောင်းလဲခေါ်ပါရန်။

မဝါဝါမေဦး။

အမည်ပြောင်းခြင်း

ဦးအာယုအာလီ၏သား မောင်နိုင်မျိုးအောင် အမက–၂၊ တာမွေ၊ တတိယတန်းအား ယနေ့မှစ၍ မောင်နိုင်လင်းအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်လင်းအောင်။

အမည်ပြောင်းခြင်း

အဘ ဦးမြင့်ဦးကြိုင်၏သား ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် အထက(၂)၊ ဒသမတန်း(A)မှ မောင်ကျော်သူရိန်အား ယနေ့မှစ၍ မောင်ခန့်သူဇွဲဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်သူဇွဲ။

အမည်ပြောင်းခြင်း

အဘ ဦးမြင့်စိုး၏သား ရွှေပြည်သာမြို့နယ်၊ အထက(၂)၊ ဆဋ္ဌမတန်း (A)မှ မောင်ဇော်မင်းဦးအား မောင်ထက်အောင်ဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ထက်အောင်ဝင်း။

အမည်ပြောင်းခြင်း

အဘဦးလှမိုး၏သမီး ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ တတိယတန်း(ဈ)မှ မသက်ထားဝေအား မသန္တာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မသန္တာအောင်။

B.E(Electronic), M.E(Electronic)
All-In-One A+ Computer Hardware Engineering သင်တန်း
Computer Hardware System
Computer Hardware Installation
Computer Software Installation
Computer Maintenance & Upgrading
Computer Troubleshooting & Repairing
Virus Protection & Cradication
Data Backup and Recovery
Basic Computer Networking
Internet & E-mail Installation
DOS, Win 95/98/Me / XP OS
TNT Computer Systems
Phone : 720910, 726194, 09-500-7046, 09-80-20059. Fax : 556384.

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁.၆.၂၀၀၄ မှ ၁၅.၆.၂၀၀၄) အတွင်း

"ယုဇနတောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

- HALL TYPE ၊ ROOM TYPE

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

တိုက်ခန်းတန်ဖိုးအနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

SoftGuide Computer

- Microsoft Office XP
- Graphic Design
- D.T.P
- Turbo C++
- Visual Basic
- Auto CAD
- Special Course for Kid's
- Computerized Accounting (ACCPAC) (Peachtree)

MCC

လုပ်ငန်းခွင် အခွင့်အလမ်းအတွက် အကောင်းဆုံး သင်တန်းများ

- **Junior Management & Office Staff** ၁၃ပတ် - (၁၅၀၀၀/-) ... **Fax, Email** ...
- **Computerised Accounting Course** ၁၂ပတ် - (၁၅၀၀၀/-) ... **Accpac Plus Software** ...

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းရှိသာခန့်ထားရန်)

၁။ စာရင်းကိုင် - (မ) (၂) ဦး
- B.Com (or) B.Econ (or) LCCI Level III
- ... Computer ...

၂။ ကောင်တာ - (ကျား/မ) (၂) ဦး

၃။ Office Staff - (မ) (၂) ဦး

၄။ Sale Supervisor - (ကျား/မ) (၂) ဦး

၅။ Sale & Marketing - (ကျား/မ) (၂) ဦး
- ... Advertising & Media ...

၆။ Sale Promoter - (မ) (၅) ဦး

၇။ Production Supervisor - (ကျား/မ) (၁) ဦး

၈။ ယာဉ်မောင်း - (ကျား) (၃) ဦး

Gold Power Co., Ltd

F/S (17) ...

- Principles & Practice of Management
- Business & Industrial Administration
- Marketing
- English for Business

MENTOR BMC

ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ

ဟိန်းဇေ စီစဉ်၍ နေစိုးထက် ပြုစုသည်

GREATEST POWER

☎ ...

အမည်ပြောင်းခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်(ခွဲ) မော့ကနင်စံပြကျေးရွာ အကွက်(၄)နေ ဦးမြင့်လွင်-ဒေါ်သက်ဦးတို့၏သား မောင်ညီညီအား မောင်မြင့်သိန်းအောင်ဟု ပြောင်းခေါ်ပါရန်။ **မောင်မြင့်သိန်းအောင်။**

☎ 557057, 557602, 526796

ငှက်ရောင်းမည်

ကတ္တဝါအမောက်ဝါ
AFRICAN GREY Parrot
No.945(B)
ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်း၊ ရဲရန်အောင်မှတ်တိုင်အနီး (မြတ်လက်ဖက်ရည်ဆိုင်ဘေးလမ်း)

စန္ဒရား/အော်ဂင်

**မြန်မာသံစဉ်များ
အိမ်လာသင်ကြားပေးမည်။
မောင်ချိုမင်း(ကန္တာရဝတီ)
၄၄၉/အောင်ရိပ်သာ(၂)လမ်း၊
မြောက်ဒဂုံ(၂၈)ရပ်ကွက်၊
ဖုန်း-တ/ဆ ၅၈၄၈၂၆။**

ရောင်းမည်/ငှါးမည်

15'x60' 4F-HT ... Saloon ...

Ph: 256994

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးစံအေး၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန

၁၁-၆-၂၀၀၄နေ့တွင် (၂)နှစ်ပြည့်သော်လည်း ကျေးဇူးရှင်ဖခင်ကြီး ဦးစံအေးအား နေ့စဉ်သတိရ အောက်မေ့စွာဖြင့် ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ အစုစုတို့ကို ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှ-အမျှ-အမျှ ပေးဝေပါသည်။ **ဇနီး-ဒေါ်လှလှမြင့်နှင့် သမီး-မသင်ဇာနိုင်။**

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်ဘူးဇာ (ခ) မာရိယာ (၈၂)နှစ်

ကျိုင်းတုံမြို့နယ်၊ လွိုင်မွေကျေးရွာအုပ်စု ဈေးတန်းရပ်နေ ဦးပီပိုင်၏ဇနီး ဒေါ်ဘူးဇာ(ခ)မာရိယာ ခရစ်တော်တွင် အိပ်ပျော်သွားခဲ့ရာ ၁၁-၆-၂၀၀၄ရက်တွင် (၁)လပြည့်ခဲ့သော်လည်း ကျန်ရစ်သူများမှာ ယနေ့တိုင် လွမ်းဆွတ်သတိရနေဆဲပါ။ **ကျန်ရစ်သူသား၊ သမီး၊ မြေး၊ မြစ်များ။**

အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပိတောက်ရိပ်မွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၂)သည် ကျွန်တော်၏ ကိုယ်ပိုင်ငွေဖြင့် ဒေါ်သန်းသန်းဆင့် [၁၂/သကတ(နိုင်)၀၀၇၃၃၈]ဇနီးဖြစ်သူအမည်နှင့်ဝယ်ယူထားရာကျွန်တော်၏သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းတို့ မပြုလုပ်ရန် အသိပေးတားမြစ်ကြေညာလိုက်သည်။ **ဦးမျိုးမင်း[၁၂/သကတ(နိုင်)၁၁၁၁၉၉] တိုက်(၄)၊ အခန်း(၄၀၂)၊ ပိတောက်ရိပ်မွန်အိမ်ရာ၊ ဆရာစံလမ်း၊(၂၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

**၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။**

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဦးညွန့်ဝေ (၆၈)နှစ်

အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးညွန့်ဝေသည် ၇-၆-၂၀၀၄ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကယ်ဒမီအထူးကုဆေးခန်းမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမာလာအေး၏မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်)၁၅၉၇၅၆] ကတ်ပြားသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၉၉-၂၅၉၀၆။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကျော်ဖြိုးဝေနှင့် ခိုင်နှင်းလွင်တို့၏ ဖခင် ဒေါက်တာ ဦးညွန့်ဝေ (ကထိက၊ အရိုးအထူးကုဆရာဝန်ကြီး၊ ငြိမ်း) (၆၈)နှစ်သည် ၇-၆-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ - သီကျော်၊ မေဇွန်၊ ထိုက်၊ ဘုတ်၊ ဝက်သု၊ ဥက္ကာ၊ ရန်နောင်သန်း၊ ပွင့်

Honey Moon

ကုမ္ပဏီ၊ အိမ်၊ စက်ရုံသုံးရန် Sloon, Van, Pick-up လချုပ်ကားမျိုးစုံရှိသည်။**ဖုန်း-၂၄၀၈၃၂၊ ၂၈၇၁၂၉၊ ၀၉၅၀၁၈၈၆၇။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ထ/၅၄၀၅ ကမ-၃တွင် အမည်ပေါက်သူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။

အများသိရှိစေရန်

မအူပင်မြို့၊ (၂)ရပ်ကွက်၊ ဓမ္မာရုံကျောင်းလမ်း၊ အိမ်အမှတ်(၈၂)နေ ဦးမောင်မောင်-ဒေါ်မြကြည်တို့၏သမီး မလှရီ(ခ)မလှလှ၏ခင်ပွန်းဖြစ်သူ (ဦးသိန်းဟံ)(ဒေါ်ကြီး)(ယခင်- ဦးစံညွန့်ရပ်ကွက်တွင်နေထိုင်ခဲ့သူ)တို့၏သား မောင်ခင်စိုး(ခ)မောင်စိုး [MUN-၁၀၉၉၁၆]သည် မိမိတို့၏နေအိမ်တွင်နေထိုင်ခြင်း၊ စီးပွားရေးအတူတကွ လုပ်ဆောင်ခြင်း မရှိခဲ့ပါ။

ယင်းမောင်ခင်စိုး(ခ)မောင်စိုး ဆက်သွယ်ဆောင်ရွက်ထားသော ငွေကြေးနှင့် အခြားကိစ္စရပ်များအားလုံးသည် ဦးမောင်မောင်-ဒေါ်မြကြည် သမီး မလှရီ(ခ) မလှလှတို့နှင့် မည်သို့မျှပတ်သက်ခြင်းမရှိသဖြင့် လုံးဝလက်ခံဖြေရှင်းပေးမည်မဟုတ်ပါ။ ငွေကြေးနှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ထားသူများသည် မောင်ခင်စိုး(ခ)မောင်စိုးနှင့်သာ တိုက်ရိုက်တွေ့ဆုံ ဖြေရှင်းကြရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်- ဒေါ်မြကြည်နှင့် သမီး-မလှရီ(ခ)မလှလှ။

ရူပါ (1)

TV အထူးပြုပြင်ရေး

Ph : 560339

ငှားမည်

၁။ အမှတ်(၁၂)၊ တတိယထပ်၊ ကမ်းနားလမ်းမ၊ ကြည့်မြင်တိုင်။
၂။ အမှတ်(၈၀)မြေညီထပ်၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း။

ဖုန်း - ၂၉၁၇၆၁။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်ကျော်ဆန်း [၈/ပခက(နိုင်)၁၈၁၄၉၄]သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သည့်အပြင် မိဘ (လုံးဝ)ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်အား ပြုလုပ်ပါသဖြင့် ၁-၆-၂၀၀၄ နေ့မှစ၍ သားအဖြစ်မှ အမွေစား၊ အမွေခံ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) တာဝန်မယူနိုင်ပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်ရွှေ [၈/ပခက(နိုင်)၁၁၁၀၁၈]။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီး မသင်းသင်းယု [၁၂/ဥကတ(နိုင်)၁၅၆၂၁၂]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဖခင်-ဦးတင်ထွန်း [၁၂/ဥကတ(နိုင်) ၁၁၂၇၆၆] ၂၃၊ ဘုရင့်နောင်(၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ။

ဒေါ်ခင်စိန်(ခ)အာကြီး
အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၂၁)နေ (ဦးစိန်–ဒေါ်ကြိုင်)တို့၏ သမီး၊ ဦးဇော်ဝင်း–ဒေါ်စိုးရီတို့၏ ညီမ၊ ဒေါ်စန်းစန်းမြင့်(ရွှေဂုံတိုင်ကလေးပြုစုရေးဌာန)၏ မိခင်၊ (ဦးထွန်းမင်း)–ဒေါ်ညိုညိုဝင်း၊ ဦးခင်ဇော်–ဒေါ်နီနီဝေ၊ ဦးခိုင်ဇော်၊ ဦးအောင်ဇော်–ဒေါ်နီလာသိန်း၊ ဒုတိယဗိုလ်မှူးကြီးအန့်ဇော်–ဒေါ်ကေသွယ်မျိုးတင့်၊ ဒေါ်သူဇာဝင်း၊ ဦးအေးကျော်ကျော်–ဒေါ်နန်းတင်တင်အောင်တို့၏ မွေးစားမိခင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ခင်စိန်(ခ)အာကြီးသည် ၁၀–၆–၂၀၀၄(ကြာသပတေးနေ့) ညနေ ၆း၀၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄ (စနေနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းမြင့်
အသက်(၅၉)နှစ်
(ပဲခူး)

ပဲခူးတိုင်း၊ရွှေကျင်မြို့နေ(ဦးပါလေး–ဒေါ်အေးရင်)တို့၏သား၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊(၁၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊အမှတ်(၁၀၀)နေ ဦးဝင်းဇော်ဦး–ဒေါ်ခင်မေဝင်း၊တပ်ကြပ်သန့်ဇင်ထွေး၊ဦးသန်းတင့်– ဒေါ်ခင်လေးနွယ်၊ မောင်ဝင်းဇော်ထွေး၊ ဗိုလ်ကြီးဝင်းဇော်လင်း(ကလေးမြို့)၊မစုနန္ဒာထွေး၊မမေနှင်းအေးတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ထွေးလှ၏ခင်ပွန်းသည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီထဲစေ
အသက်(၉၅)နှစ်
(ပုသိမ်)

ပုသိမ်မြို့၊ မင်းကြီးလမ်း၊ ပိုးကရင်သာသနာ၀င်းနေ (မန်းသက်ရှည်–ဂါ့စနန်း)တို့၏ သမီး၊ (ဦးစောကလေတင်)၏ဇနီး၊ မန်းချစ်ဦး၊ နန့်ရိုစ်၊ နန့်ဖောလေ၊ နန့်လူးလူဝပ်ဆင်၊ နန့်လူးဝစ်၊ ဦးစမောဂန်တို့၏ မိခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၉–၆–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၁–၆–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပုသိမ်ပိုးကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဘိုကနေခင် ခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ညွန့်
အသက်(၈၇)နှစ်
(ပခုက္ကူ)

ပခုက္ကူမြို့၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တနေမိန္ဒ၊ ပခုက္ကူမြို့၊ ဖလံအိုကျေးရွာကျောင်းတိုက်နာယကဆရာတော် (ဘဒ္ဒန္တ စန္ဒာသိရိ)၊ သိရိပဝရဓမ္မာစရိယ၊စာချဆရာတော်(ဘဒ္ဒန္တ စိန္တိတ)၊ပခုက္ကူမြို့ မဟာဝိသုတာရာမပါဠိတက္ကသိုလ်ဘဒ္ဒန္တ သောဘန၊ ပခုက္ကူမြို့၊ စံပြကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇဋိလ၊ စံပြကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိက၊ ဆရာတော်ကြီးများ၏ ရဟန်းမယ်တော်၊ ပခုက္ကူမြို့နယ်၊ ဖလံအိုတိုက်နယ်၊ (ဦးဖိုးမြ–ဒေါ်ဒန်းရင်)တို့၏၏သမီး၊ ရာဇာဝတ်ဝန် (ဦးဘ–ဒေါ်စိန်ဘွင့်)တို့၏ချွေးမ၊ (၉၇/ဘီ)ဦးရေခဲလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့နေ EX O.S.E Representative (ဦးကိုကိုကြီး)၏ဇနီး၊ ပခုက္ကူမြို့၊ (ဒေါ်ခင်ရွှေ)၊(ဦးဘလတ်–ဒေါ်စိန်မိ)တို့၏ညီမ၊ (ဦးတင်–ဒေါ်ခင်ကြည်)တို့၏အစ်မ၊ ဦးမောင်မောင်ကြီး–ဒေါ်နွဲ့နွဲ့အောင်(မန်နေဂျာ၊မြန်မာ့သစ်လုပ်ငန်း)တို့၏မိခင်၊ မမြသက်မောင်(နဝမတန်း-G၊T.T.C)၊ မောင်မြသူမောင်(သတ္တမတန်း– J၊T.T.C)တို့၏အဘွား၊ (ဗိုလ်မှူးဘလင်းချစ်)–ဒေါ်ခင်ထားလတ်၊ ဒေါ်တင်တင်လှ(ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ မန္တလေးမြို့နေ ဦးခင်မောင်ကြီး–ဒေါ်တင်တင်ဝင်း၊ ပခုက္ကူမြို့နေ ဦးကျော်လွင်–ဒေါ်လှလှဝင်း၊ ဦးသိန်းထွန်း–ဒေါ်ခင်စန်းဝေတို့၏ကြီးဒေါ် ဒေါ်ခင်ညွန့်သည် ၉–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(၉၇/ဘီ၊ ဦးရေခဲလမ်း၊မရမ်းကုန်း၊ရန်ကုန်မြို့ နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဘမောင်(၄၈)နှစ်
3/E C.D.C-9915
Monsoon Martime Pte Ltd.

၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

M.V. KS Harmony မှ Masterနှင့် သင်္ဘောဝန်ထမ်းများ။

ဦးခင်(၉၁)နှစ်
အငြိမ်းစားငွေစာရင်းအရာရှိ
မြန်မာ့မီးရထား

ရန်ကုန်မြို့၊ အမှတ်(၃၂)၊ကွက်သစ်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးဖိုးလှ–ဒေါ်အေးသူတို့၏ သား၊ ဒေါ်နုနု၏ ခင်ပွန်း၊ ဒေါ်ဆွေဆွေခင် (Tean Leader Pfizer Product Ltd.)၏ဖခင်သည် ၉–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁–၆–၂၀၀၄(သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံလှအောင်(၈၃)နှစ်
ရုံးအုပ်(အငြိမ်းစား)
သိမ်ဖြူသင်္ဘောကျင်း
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(သန်လျင်)

ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်၊ ၁၈/Eရပ်ကွက်၊ပုလဲရတနာလမ်း၊ အမှတ်(၁၂၀)နေ (ဦးချစ်ဖေ– ဒေါ်မုန်း)တို့၏ သား၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဦးချစ်ဆွေ(MPE–ရေနံ/သယ်ပို့ဌာန)–ဒေါ်ဟယ်လင် (ဆက်သွယ်ရေး)၊ ဦးညွန့်ဆွေ (Shine And Nyunt Engineering Services) – ဒေါ်မာမာအေး၊ ဒေါ်ကြည်ကြည်ဆွေ (ရုံးချုပ်–မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄(စနေနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကောင်ဝေဟိုး(ခ)ဦးကင်းဌါ
အသက်(၉၁)နှစ်
ထားဝယ်(ကံပေါက်)

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ဆေးရုံလမ်း၊ အမှတ်(၅၅၇)နေ ဒေါ်ရှုတင်၏ ခင်ပွန်း၊ ဦးကင်မြင့်–ဒေါ်အေးဝင်း၊ ဒေါ်အေးအေး၊ ဦးချိန်ဝင်း–ဒေါ်လေးလေး၊ ဦးထွန်းအောင်–ဒေါ်ချိုချို၊ ဦးကင်ရီ–ဒေါ်မေမေသန်း၊ ဦးကင်ကြူး–ဒေါ်ဖြူဖြူအေး၊ဦးစိုးသိန်း–ဒေါ်မိမိရှိန်၊ မမိမိစိန်၊ ဦးလှခင်–ဒေါ်ကင်ငွေးတို့၏ ဖခင်၊ မြေး၃၅ ယောက်တို့၏ အဘိုးသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၆–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကူးတို့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးခင်သိန်း(ညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ အခွန်အယူခံရုံး၊ UN Sales Tax Specialist)အား ဆေးဝါးကုသပေးခဲ့ကြသော မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံရှိအထူးကုဆရာဝန်ကြီးများ၊စင်ကာပူတွင်ဆေးကုသနိုင်ရန် အကူအညီပေးခဲ့ကြသော မိတ်ဆွေများ၊ လိုလေသေးမရှိ အကူအညီပေးခဲ့ကြ သော မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ အရာထမ်း အမှုထမ်းများ၊ ပန်းခြင်း၊ ပန်းခွေများပေးပို့ခြင်း၊ သတင်းစာများတွင် ဝမ်းနည်း ကြောင်းဖော်ပြခြင်း၊ ကြေးနန်း၊ ဖက်စ်၊ အီးမေးလ်များဖြင့် ဝမ်းနည်းကြောင်း စာများပေးပို့ခြင်း၊ကိုယ်တိုင်လာရောက် သတင်းမေးခြင်းနှင့် ဖခင်ကြီး၏ ဈာပနနောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းပြုကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ပြည်တွင်းပြည်ပမှမိတ်ဆွေများ၊ ကုမ္ပဏီများနှင့် ဝတ်ရွတ်ပေးသော မြန်မာ့အာမခံလုပ်ငန်း ဝတ်အဖွဲ့တို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ရင်
အသက်(၈၀)

သထုံမြို့၊ ဘုရားကြီးတောင်ဘက်နေ (ဦးတင်–ဒေါ်သဲရွှေ)တို့၏ သမီးကြီး၊ (ဦးထွန်းစိန်–ဒေါ်ပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံ အရှေ့(၈)လမ်း၊ အမှတ်(၁၃၁၇)နေ ဦးရွှေအောင်၏ ဇနီး၊ (ဒေါ်သိန်းခင်)၊ ဒေါ်သိန်းရှင်၊ ဒေါ်အုန်း၊ ဦးအောင်မြတ်–ဒေါ်ဇင်၊ (ဦးချစ်လှိုင်)–ဒေါ်ခင်လှ၊ ဦးမောင်ထွန်းတို့၏ အစ်မကြီး၊ ဦးစန်းမြင့်–ဒေါ်စိန်သန်း၊(ဦးခင်ရွှေ)–ဒေါ်ခင်အေး၊ ဦးတင်ညွန့်–ဒေါ်အေးအေး၊ ဦးညွန့်အောင်၊ ကိုနိုင်–မလှလှဝင်း၊ ကိုဝင်းမြင့်–မစမ်းစမ်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၇ ယောက်တို့၏ အဘွားသည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်း(ခ)လင်တျောင်ရုတ်
အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၃၅)၊ (ပထမထပ်)နေ (ဒေါ်ရှုရင်)၏ ခင်ပွန်း၊ ဦးစင်ချိန်ဘုတ်–ဒေါ်တင်တင်၊ ဦးတင်အောင်–ဒေါ်တင်လေး၊ ဒေါ်တင်မြင့်၊ ဦးညွန့်ရွှေ–ဒေါက်တာတင်တင်ဝင်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကို(ခ)ဦးမောင်ကို
အသက်(၅၉)နှစ်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၁၈)၊မြင့်မိုရ်လမ်း၊ မြေညီထပ်၊ စမ်းချောင်း(တောင်) ရပ်ကွက်နေ (ဦးသိန်းမောင်–ဒေါ်လှ)တို့၏ သား၊ဦးတင်မောင်–ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မချိုယဉ်ယဉ်၊ မချိုဝေဝေ၊ မောင်ကျော်သက်–မချိုလွင်လွင်တို့၏ မွေးသဖခင်သည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄(စနေနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀နာရီတွင် ထွက်ပါမည်။၊ မင်္ဂလာဈေးမှ ကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်စိုး (၆၆)နှစ်
အရာခံဗိုလ် (ငြိမ်း)

ပျဉ်းမနားမြို့ ရွာတော်နေ (ဦးလှ–ဒေါ်အေးခင်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ်(၈၅၅/က)၊ သာစည်လမ်း (၈၂/၃၃/၁၀)ရပ်ကွက်နေ ဦးဝင်းနိုင်စိုး–ဒေါ်ခင်နှောင်း၊ ဦးညွန့်နိုင်စိုး–ဒေါ်နီနီဝင်း၊ ဦးမြင့်နိုင်စိုး (ဆရာဒိုင်း)၊ ဦးသန်းနိုင်စိုး–ဒေါ်ကြူကြူ၊ မခင်မျိုးထွေး၊ မကြည်စိုးထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်ကြည်ကြည်သန်း၏ ခင်ပွန်း ဦးတင်စိုး (အရာခံဗိုလ်၊ ငြိမ်း)သည် ၁၀–၆–၂၀၀၄ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄ရက်မွန်းလွဲ ၁၂း၃၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်စန်းစန်းလွင်(ခ)
ချောင်လွင်လင်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊အမှတ်(၅၀၀)နေ (ဦးချောင်လန်အောင်)–ဒေါ်ဟော်ကင်ဟိုက်တို့၏ သမီးကြီး၊ (ဦးချင်ကင်းဝေ–ဒေါ်ရှုစိန်)တို့၏ သမီးချွေးမ၊ ဦးထွန်းရှိန်၏ ဇနီး၊ ဒေါ်ခင်မေဝင်း–ဦးလောင်တကြုံး၊ ဦးထွန်းလင်း–ဒေါ်နန်းခန်းဟန်၊ မကြည်ကြည်ဝင်း၊ မလဲ့လဲ့ဝင်း၊ မောင်ကျော်ကျော်နိုင်တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၉–၆–၂၀၀၄ရက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁–၆–၂၀၀၄ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြန်မာ့မီးရထားအငြိမ်းစားများအသင်း
ဦးခင်
အသက်(၉၁)နှစ်
ငွေစာရင်းအရာရှိ(ပစ္စည်း)

အသင်းဝင်အမှတ်(၇၉၄) ဦးခင် (အငြိမ်းစားငွေစာရင်းအရာရှိ၊ ပစ္စည်း)သည် ၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။[အမှတ်(၃၂)၊ ကွက်သစ်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။] အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးညွန့်ဝေ(၆၈)နှစ်

မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်အသင်း ဥက္ကဋ္ဌဟောင်း အရိုးအထူးကုဆရာဝန်ကြီးဒေါက်တာဦးညွန့်ဝေသည် ၇–၆–၂၀၀၄ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခဦးကျော်မြင့်ခိုင်နှင့် ဇနီး မိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဆင်ဂေါင်[၁၃/ကခန(နိုင်)၀၀၄၃၁၃]၏ နိုင်ငံကူးလက်မှတ် အမှတ် (၃၁၉၂၀၈)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။

ဦးဆင်ဂေါင်
ဖုန်း ၀၁–၅၁၀၂၇၉။

အမည်ပြောင်းခြင်း

ဦးမြင့်နိုင်၏သား အလက(၂) ဒဂုံတောင်၊ သတ္တမတန်းမှ မောင်ရှင်းသန့်နိုင်အား မောင်လင်းသူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းသူအောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ဗိုလ်လတ်၏ နိုင်ငံကူးလက်မှတ်အမှတ်(၂၉၄၂၀၂)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၅၅၇၀၆၄။**

ဦးထွန်းနိုင် (၄၉)နှစ်
C.D.C-16469
MV. EXCELLENT
ACE LINE SHIP
MANAGEMENT PTE., LTD.

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇၂/၇၄)၊ အခန်း(၃)၊ (၆–လွှာ)နေ ဦးအောင်ညွန့်စိန်–ဒေါ်ခင်မေတို့၏ သား၊ (ဦးမြိုင်)–ဒေါ်ခင်ဥတို့၏ သားသမက်၊ ဦးသက်ဦး–ဒေါ်သီတာ၊ ဦးလှသော်အေး–ဒေါ်ခင်မြင့်ဝေ၊ ကိုခင်မောင်နိုင်တို့၏ အစ်ကို/ညီ၊ ဒေါ်မြင့်စန်းလွင်၏ ချစ်လှစွာသောခင်ပွန်းဦးထွန်းနိုင်သည် အင်ဒိုနီးရှားနိုင်ငံ Makassan မြို့ Stella Maru Hospital၌ ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်လှ(၅၁)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၂၅)၊ ဗဟိုလမ်းနေ (ဦးလှတင်)–ဒေါ်ဆွေတို့၏ သမီး၊ မြိတ်မြို့၊ ကြောင်ငယ်ရပ်နေ (ဦးပိန်–ဒေါ်အေးညွန့်)တို့၏ချွေးမ၊ ဦးသိန်းလွင်၏ ဇနီး၊ ဦးကျော်လှ–(ဒေါ်ငွေငွေကြူ)၊ ဦးထိန်ဝင်း–ဒေါ်သီသီဆွေ၊ ဦးအုန်းသော်–ဒေါ်အေးအေးမော်၊ ဦးဇော်မင်း–ဒေါ်သင်းသင်းဆွေတို့၏ အစ်မကြီး၊ ကိုစိုးသီဟ၊ မလွင်လွင်ပိုင်တို့၏ မွေးသမိခင်သည် ၁၀–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄(စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဲအုပ်ဝင်းမြင့်(၄၉)နှစ်
ဒု–မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရမ်းဗြဲမြို့
ရခိုင်ပြည်နယ်

ပဲခူးတိုင်း၊ကြို့ပင်ကောက်မြို့နေ (ဦးမြရွှေ)–ဒေါ်တင်ရီတို့၏ သား၊ ရန်ကုန်မြို့နေ (ဦးကိုကိုကြီး)–ဒေါ်တင်မြတို့၏ သားသမက်၊ ဦးအေးချစ်(ဒု/ညွှန်းမှူး၊ ငြိမ်း၊ သ/မ ဦးစီးဌာန)–ဒေါ်စန်းစန်းမြင့်၊ ဦးမြကြည်တို့၏ ညီ/မောင်၊ ကိုရန်မျိုးသန့်–မညွန့်ညွန့်ဝင်း၊ ကိုနေလင်းသိန်း–မသန်းသန်းဆင့်၊ကိုစိုးမြင့်အောင်–မသန်းသန်းတင့်၊ (ကိုစိန်ထွန်းအောင်)–မသန်းသန်းဝင်း၊ ကိုဇော်မျိုး၊ ကိုညီလွင်မြင့်–မစန်းစန်းမော်တို့၏ အစ်ကိုကြီး မောင်အောင်ဇော်ထိုက် – မမေပပနိုင်၊ မောင်ဝေလင်းထိုက်၊ ဒုရဲအုပ်ဝင်းငွေး–မသဉ္ဇာဝင်းမြင့်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်နှင်းနှင်းထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၉–၆–၂၀၀၄ ရက်တွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၁၁–၆–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသာထူး (၇၆)နှစ်
လူဝင်မှုကြီးကြပ်ရေးမှူး(ငြိမ်း)
(စစ်တွေ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်၁၆၊ ရွှေတောင်တန်းလမ်းနေ (ဦးရွှေပွင့်– ဒေါ်နှင်းဖြူ)၊ (ဦးမြသာ–ဒေါ်အောင်မေ)တို့၏ သား၊ သမက်၊ ဒေါ်ရင်နု၏ခင်ပွန်း၊ ဒေါက်တာလှဦး–ဒေါ်သူဇာ၊ ဦးထွန်းအေးအောင်–ဒေါ်ဦးလှမေ၊ ဦးထွန်းရွှေအောင်–ဒေါ်ရှုမင်း၊ ဒေါ်မသာနု၊ ဒေါ်မခင်နုတို့၏ အစ်ကို/ မောင်၊ ဦးဇော်ထူးဦး(မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဌာနချုပ်)–ဒေါ်သင်းမာစန်း(အမှတ်–၂၊ သတ္တုတွင်း)၊ ဦးအောင်ထူး–ဒေါ်ခင်လှသိန်း၊ ဒေါ်အေးအေးထူး–ဦးဇော်တိုးဦး၊ ဦးသိန်းထူး(စီမံကိန်းမန်နေဂျာ၊ ဒဂုံအရှေ့စက်မှုမြို့၊ မြို့ရွာ/အိုးအိမ်)–ဒေါ်နီလာညွန့်(မြို့ရွာ/အိုးအိမ်)၊ ဒေါ်ခင်မြင့်ထူး (Everbright Co.,Ltd.)–ဦးပိုးစိုင်းဗုက်၊မောင်မြထူး၊ မောင်တင်ထူး၊ မဝင်းဝင်းလတ်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၆–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်၁၆၊ ရွှေတောင်တန်းလမ်း နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ချန်ကင်ကြို(ခ)ဒေါ်ကြည်လှုံ
အသက်(၉၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၈)လမ်း၊ အမှတ်(၅၇)နေ (တန်တုံဖန်း)၏ ဇနီး၊တန်ဂင်တွန့်၊တန်ရန်လိန်(ခ) ဦးချန်းဝင်း–ဒေါ်သီတာ၊ တန်ဟိုင်စွမ်း (ခ)ဦးမောင်ဝင်း–ဒေါ်ခင်ပြုံးချို(ခ)ချိုက်မေဟွားတို့၏ မွေးသမိခင်၊တန်ဝေ့ဟုန်(ခ)ပြည့်ဖြိုးထက်၏ အဘွားသည် ၆–၆–၂၀၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊တံတိုင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်သိန်း
အသက်(၇၈)နှစ်
အမက(၂)ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
(ဘီးလင်း)

မွန်ပြည်နယ်၊ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ အရှေ့မဟာဗောဂလမ်းနေ (ဦးမောင်ဟန် – ဒေါ်ကြူသင်း)တို့၏ သမီးထွေး၊(ဦးအောင်ရှိန်–ဒေါ်သန်းမြင့်)၊ (ဦးကျော်ညွန့်–ဒေါ်လွန်းခင်)၊ (ဦးအုန်းသွင်–ဒေါ်စန်းကြည်)၊ (ဦးငွေထွန်း–ဒေါ်တင်လှ)၊ (ဗိုလ်ကြီးဘကိုး)–ဒေါ်သန်းရီ၊ဦးခင်ညွန့်–ဒေါ်စိန်သန့်၊ဒေါ်မေမေခင်တို့၏ညီမ၊ ဒေါ်လှတင်၊ ဒေါ်တင်စိန်တို့၏အစ်မ၊တူ၊တူမ ၁၉ယောက်တို့၏ အဒေါ် ဒေါ်မြင့်မြင့်သိန်းသည် ၉–၆–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၁–၆–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဘီးလင်းမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကြည်တင်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်–ဒေါ်ကြင်မေ)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ အမှတ်(၇၇)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြင့်မြင့်(အမှာ၊သိမ်ကြီးဈေး'D'ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မင်း–မသန္တာမွန်(စိန်ဖြိုးလက်ဖက်ခြောက်)၊ (ကိုမျိုးမင်း)၊ မနုနုယဉ်တို့၏ဖခင်၊ မောင်ခန့်သီဟ၏ အဘိုးသည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၆–၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည်(ပဲခူး)
အသက်(၇၆)နှစ်
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေး

ရန်ကုန်မြို့၊ အမှတ်(၉၉)၊(၁၁)လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအေးမောင်–ဒေါ်တင်တင်)ပဲခူးတို့၏သမီး၊ (ဦးထွန်းအေး–ဒေါ်သံ၊မြိတ်)တို့၏ချွေးမ၊ (ဦးစိန်သင်၊ ယခင်ရန်ကုန်သတင်းစာအယ်ဒီတာ၊ ငြိမ်း)၏ဇနီး၊(ဦးခင်မောင်)ဆည်မြောင်း–ဒေါ်ခင်ထွေး၏ ညီမ၊ (ဦးတင်လှိုင်)–ဒေါ်ခင်အေးကြူ၊ (ဦးမြင့်သိန်း)တို့၏ အစ်မ၊ ဦးကျော်ဇင်(3/E Unity Shipping)–ဒေါ်ဝင်းမင်းအောင်၊ ဦးကြည်စိုး (Supervisor Star Cruise)–ဒေါ်မြလေးသက်တို့၏ မိခင်၊ မဆုစန္ဒီကျော်၊ မဆုရတနာကျော် (X–B အထက–၂၊စမ်းချောင်း)၊ မမြတ်ပေမာန်ကျော် (VI-A၊ အထက–၂၊ စမ်းချောင်း)၊ မောင်သားညီသုတ (I-C၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မမြတ်ကြည်ဖြူထက် (KG-B၊အထက–၂၊ လသာ)တို့၏ အဘွားသည် ၉–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းလှ
အသက်(၇၇)နှစ်
တကက(ငြိမ်း)တပ်မတော်(ရေ)

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ လက်ပံကုန်းကျေးရွာနေ (ဦးတင်မောင်–ဒေါ်အိ)တို့၏ သား၊ (ဒေါ်စော)၏သားသမက်၊ ရန်ကုန်တိုင်း၊ ဒေါ်ပုံမြို့နယ်၊ ဝါဆို ရပ်ကွက်၊ အမှတ်(၂၆)၊နဝဒေးလမ်းနေ (ဒေါ်မြင့်)၏ခင်ပွန်း၊ ဦးကွက်ဖောင်း–ဒေါ်ခင် အေးကြူ၊ ဦးထွန်းမြင့်–ဒေါ်ယဉ်ထွေး၊ ဦးမြင့်လွင်၊ဒေါ်ခင်အေးမူ၊ ဦးအေးလင်း–မစန်းရင်၊(ဦးအေးဝင်း–မခင်အုန်းမြင့်)တို့၏ဖခင်၊မြေး၁၁ယောက်တို့၏ အဘိုးသည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၆–၂၀၀၄ (စနေနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၉၃)နေ ဦးဇော်မိုး (EVER TOP)၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်–၂၇၁၁/၂၀၀၄

အထက်၌ ကပ်နှိပ်ဖော်ပြထားသော (TOP BATTERY) ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြင့် ဘက်ထရီအိုးပုံသဏ္ဌာန်၊အရွယ်အစားအမျိုးမျိုးကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး (TOP BATTERY) ကုန်အမှတ်တံဆိပ်၊ အမည်၊အမှတ်အသားကို တစ်ဦးတည်းမူပိုင်သုံးစွဲ နိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်–၂၇၁၁/၂၀၀၄ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ (TOP BATTERY) ကုန်အမှတ်တံဆိပ်၊အမည်၊အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ (သို့မဟုတ်) တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ လူအများမှသော်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရပ်မှလည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲ တုပပြုလုပ်သုံးစွဲပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးဇော်မြင့်(မြိတ်)B.A., LL.B၊ ဦးထွန်းသာမောင် LL.B၊ သင်းကြူစိုး LL.B, LL.M၊
တရားရုံးချုပ်ရှေ့နေများ
အမှတ်–၅၅၊ အခန်း၂၃၊(တ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၇၂၈၀၄၊ ၇၂၆၀၄၀၊ ၀၉–၅၀–၀၈၄၄၅။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသားညီလာခံ အစုအဖွဲ့နှစ်ဖွဲ့ သဘာပတိအဖွဲ့ဝင်များညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၀

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့်အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းရှင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့်စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြို့(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးပါတီမှ ဦးစံသာအောင်၊ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီမှ ဦးလော်ဆင်ကွမ်း၊အကြံပြုစာတမ်းရှင် အမျိုးသားညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ ဦးထွန်းကျော်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်း အဖွဲ့(၄)မှ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ☆

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်–တနင်္သာရီ–ဘုတ်ပြင်းလမ်း ဖောက်လုပ်ပြီးစီးမှုကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို မြိတ် – တနင်္သာရီလမ်းအပိုင်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၀

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၅ရက် နံနက်ပိုင်းတွင် မြိတ်–တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပသောင်းတံတားသို့ နံနက် ၇နာရီခွဲတွင် ရောက်ရှိသည်။

ပြုပြင်ထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပသောင်းတံတားပြုပြင်ထိန်းသိမ်းမှုနှင့် တံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုနှင့် တံတားကြံ့ခိုင်မှုစစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၁/၃)ရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းရှင်တို့ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲ ခန်းမ(၂)၌ ကျင်းပစဉ်။

(သတင်းစဉ်)

အိမ်ရှင်အသင်းများ ချန်ပီယံဖြစ်ဖူးသော အစဉ်အလာနှင့် ယူရို–၂၀၀၄

သတင်းဆောင်းပါး ဂမ်ဆိုင်း

ပေါ်တူဂီနိုင်ငံတွင် ကျင်းပတော့မည့် ၂၀၀၄ ခုနှစ် ဥရောပ ဖလား ဘောလုံး ပြိုင်ပွဲတွင် အုပ်စု(က)မှ ဝင်ရောက် ယှဉ်ပြိုင်မည့် စပိန်အသင်းကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၀

၂၀၀၄ခုနှစ် ယူရိုပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံတွင် ဇွန် ၁၂ မှ ဇူလိုင် ၄ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ ရက်ပိုင်းမျှသာလိုတော့သည်။ ဥရောပဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ယူရို ဘောလုံးပြိုင်ပွဲသည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သည်။ ၎င်းပြိုင်ပွဲသို့ ဥရောပထိပ်သီးအသင်းကြီးများ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြပြီး ကမ္ဘာကျော်ဘောလုံးသမားအမြောက်အမြား ပါဝင်ကစားကြမည်ဖြစ်သည်။

ယူရိုဘောလုံးပြိုင်ပွဲကို ၁၉၆၀ ပြည့်နှစ်မှစတင်ပြီး လေးနှစ်တစ်ကြိမ် ကျင်းပခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် မတိုက်အောင် ကြားနှစ်များတွင် ကျင်းပသည်။ ယူရိုဘောလုံးပြိုင်ပွဲဟု လူသိများသော ဥရောပချန်ပီယံဖလားပြိုင်ပွဲ၏ မူလအမည်မှာ **ဥရောပနိုင်ငံများဖလားပြိုင်ပွဲ** ဖြစ်သည်။ ယူရိုဘောလုံးပြိုင်ပွဲစတင်စဉ်က ဥရောပဘောလုံးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံ ၂၉ နိုင်ငံသာရှိသည်။ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၂ နိုင်ငံရှိနေပြီဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍